# ကြေးမုံ
The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်၊ သောကြာနေ့ (24-10-2014) (၀၀၃)


သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏။ မကောင်းသဖြင့် မကျင့်ရာ။ သူတော်ကောင်းတရားကို ကျင့်သောသူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာ နေရ၏။

(ဓမ္မပဒ)

## နိုင်ငံတကာအသိုက်အဝန်းနှင့် အတူတကွလက်တွဲလျက် တာဝန်ဝတ္တရားများကို ဆက်လက်ထမ်းဆောင်သွားမည်

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏**
**(၆၉)ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ်သဝဏ်လွှာ**
**(နေပြည်တော် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)**

ယနေ့အခါသမယသည် ကုလသမဂ္ဂအဖွဲ့အစည်းကြီးအား တည်ထောင်ခဲ့သည့် (၆၉)ကြိမ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ပါသည်။ ထို့အတွက် ကျွန်ုပ်တို့အနေဖြင့် ဤကဲ့သို့ ထူးမြတ်အရေးပါလှသော နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားအား အခြားသော ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် အတူ ပါဝင်လက်တွဲလျက် ဆင်နွှဲကျင်းပခြင်းဖြစ်ပါသည်။ ယခုလို အခါသမယမျိုးတွင် ပိုမိုကောင်းမွန်သာယာဝပြောသော၊ ငြိမ်းချမ်းသော ကမ္ဘာကြီးဖြစ်ပေါ်လာစေရေးအတွက် ကျွန်ုပ်တို့၏ သန္နိဋ္ဌာန်ချမှတ်ထားမှုနှင့် ကြိုးပမ်းအားထုတ်မှုများကို အသစ်တစ်ဖန် ဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။ ယင်းလိုအပ်ချက်နှင့်အညီ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် အဓိကကျသော ကမ္ဘာ့အဖွဲ့အစည်းကြီးအဖြစ် ဆက်လက်တည်ရှိနေခြင်းဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် ကျွန်ုပ်တို့သည် ရာသီဥတုပြောင်းလဲမှု၊ အကြမ်းဖက်မှုကဲ့သို့ အရေးတကြီးစိန်ခေါ်မှုများကို ရင်ဆိုင်နေရပြီး လူမှုဘဝအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်နေရလျက်ရှိပါသည်။ ထိုစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းပေးနိုင်ရန် ကုလသမဂ္ဂအဖွဲ့ကြီးသည် ပဓာနကျ၍ မရှိမဖြစ် လိုအပ်လျက်ရှိပါသည်။ အီဘိုလာရောဂါ ကူးစက်ပြန့်ပွားမှုအား တားဆီးထိန်းချုပ်နိုင်ရန် ပြင်ဆင်စည်းရုံးဆောင်ရွက်နိုင်ခြင်းသည် ကမ္ဘာကြီး၏လိုအင်များအား တုံ့ပြန်နိုင်စွမ်းရှိသည့် ကုလသမဂ္ဂအဖွဲ့ကြီး၏ စွမ်းပကားကို သက်သေပြသလိုက်ခြင်းပင်ဖြစ်ပါသည်။

**ကမ္ဘာကြီးတစ်ခုလုံးကို ခြိမ်းခြောက်လျက်ရှိသည့် စိန်ခေါ်မှုများအားလုံးကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ ဦးဆောင်မှုအောက်တွင် စည်းလုံးညီညွတ်စွာ ရပ်တည်သွားကြရမည်။**

ကမ္ဘာကြီးတစ်ခုလုံးကို ခြိမ်းခြောက်လျက်ရှိသည့် စိန်ခေါ်မှုများအားလုံးကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ ဦးဆောင်မှုအောက်တွင် စည်းလုံးညီညွတ်စွာ ရပ်တည်သွားကြရမည်ဖြစ်ပါသည်။ ကုလသမဂ္ဂအဖွဲ့ကြီး၏ ပဋိညာဉ်စာတမ်းပါ အခြေခံမှုများသည် လက်မှတ်ရေးထိုးအတည်ပြုခဲ့သည့် နေ့ရက်မှစ၍ ဆက်လက်ခိုင်မာစွာတည်ရှိနေပါသည်။ ကမ္ဘာသူ ကမ္ဘာသားများအတွက် ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေး၊ တရားမျှတမှုနှင့်စီးပွားရေးနှင့် လူမှုရေးတိုးတက်မှုဟူသည့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

## စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည့် စတုတ္ထအကြိမ် အင်းသားဆုံစည်းရာနေ့

**ညောင်ရွှေ အောက်တိုဘာ ၂၃**

တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့တွင် ကျရောက်သော အင်းသားဆုံစည်းရာနေ့အခမ်းအနားကို စတုတ္ထအကြိမ်အဖြစ် အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက အင်းလေးဖောင်တော်ဦးဘုရားရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အင်းသားဆုံစည်းရာနေ့ အခမ်းအနားသို့ အင်းလေးဒေသအတွင်းရှိ ကျေးရွာအသီးသီးမှ ဒေသခံတိုင်းရင်းသားများသည် ဆွဲလှေ ၂၃ စင်းကို စုရပ်နေရာမှ ဖောင်တော်ဦးဘုရားရင်ပြင်ရှေ့သို့ စုပေါင်းညီညာစွာ အားမာန်အပြည့်ဖြင့် ချီတက်လှော်ခတ်သည့်အပြင် စက်တပ်လှေများ၊ လက်လှော်လှေများဖြင့်လည်း စုစည်း၍ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ဆုံစည်းရာနေ့အခမ်းအနားကို ကျင်းပရာ သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး စတုတ္ထအကြိမ် အင်းသားဆုံစည်းရာနေ့သို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပေးပို့သော

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

နေမျိုးသုရိန်



စတုတ္ထအကြိမ် အင်းသားဆုံစည်းရာနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

### မိုးရွာသွန်းမှု

၂၃-၁၀-၂၀၁၄

မြောင်းမြ
၁ ဒသမ ၅၄ လက်မ

ရန်ကုန်(မင်္ဂလာဒုံ)
၁ ဒသမ ၃၈ လက်မ

ချောင်းဆုံ
၁ ဒသမ ၁၀ လက်မ

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။




ကြေးမုံ စာတည်းရှုထောင့် | ၂၄-၁၀-၂၀၁၄၊ သောကြာနေ့

# ထိန်းကျောင်းခြင်း

ထိန်းကျောင်းခြင်းနှင့် တင်းကျပ်ခြင်းသည် သဘောသဘာဝကွဲလွဲပေသည်။ တင်းကျပ်ခြင်းသည် မလုပ်ရ၊ မကိုင်ရဟု မဖြစ်မနေ တားမြစ်ထားခြင်းဖြစ်သည်။ ထိန်းကျောင်းခြင်းဟူသည် လမ်းမှန်ပေါ်သို့ ရောက်ရှိစေရန် စေတနာမှန်ဖြင့် တည့်မတ်ပေးခြင်းဖြစ်သည်။

ထိုသဘောသဘာဝကို မှန်မှန်ကန်ကန် သိရှိနိုင်ခြင်းမရှိ၍သော်လည်းကောင်း၊ သိပါလျက်နှင့် မိမိလုပ်လို၊ ကိုင်လိုသည်များကို မိမိစိတ်ကြိုက် မလုပ်ရ၍သော်လည်းကောင်း တင်းကျပ်သည်၊ ထိန်းချုပ်သည်၊ လွတ်လပ်ခွင့် ဆုံးရှုံးသည်ဟုဆိုပါလျှင် မှားယွင်းသည်ဟုဆိုချင်ပါသည်။

မျက်မှောက်ကာလတွင် ဒီမိုကရေစီခေတ်နှင့်လျော်ညီစွာ အရာတိုင်း၌ တင်းကျပ်မှုများကို ဖြေလျှော့ပေးကာ လွတ်လပ်မှုများ ပိုမိုပြုလုပ်ပေးလျက်ရှိသည်ကို မြင်တွေ့ကြားသိနေရမည်ဖြစ်ပါသည်။ လွတ်လပ်မှုများ ရရှိလာမှုနှင့်အတူ မိမိကိုယ်တိုင် တာဝန်ယူမှု၊ တာဝန်ခံမှုမရှိဘဲ မှန်ကန်သော လွတ်လပ်မှုလမ်းကြောင်းမှ သွေဖည်၍ ထင်ရာမြင်ရာ ပြုလုပ်မိပါက ပြန်လည်ထိန်းကျောင်းတည့်မတ်ပေးကြရမည်မှာ ဓမ္မတာပင်ဖြစ်သည်။

ဥပမာအားဖြင့် လွတ်လပ်စွာ ပြုမူပြောဆို သွားလာနေထိုင်နိုင်ခွင့်တို့သည် မိမိတို့၏ကိုယ်ပိုင် အခွင့်အရေးတစ်ရပ်ဖြစ်သော်လည်း မိမိကြောင့် အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်စေမှု၊ အလုပ်ပျက်အကိုင်ပျက် ဖြစ်စေမှု၊ ဥပဒေနှင့်မညီညွတ်မှုတို့ရှိလာလျှင်မူ တာဝန်ရှိသူတို့သာမက ပတ်ဝန်းကျင်ကပါ ဝိုင်းဝန်း တည့်မတ်ထိန်းကျောင်းပေးသင့်ပေသည်။

မကြာသေးမီက မြန်မာရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများအား လာမည့် ဒီဇင်ဘာ ၁ ရက်နေ့မှစတင်၍ ဆင်ဆာအဖွဲ့ထံတင်ပြပြီးမှ ထုတ်လုပ်ခွင့်ပြုတော့မည်ဟု ကြားသိလိုက်ရပေသည်။ ထိုသို့ ကြားသိလိုက်ရသဖြင့် အများပြည်သူ အကျိုးအတွက်ကျေနပ်မိသည်။ အဘယ်ကြောင့်ဆိုသော် စာပေ၊ အနုပညာနယ်ပယ်၌ တင်းကျပ်မှုရှိသည်ဟုထင်ရသော ဆင်ဆာနှင့် စိစစ်ရေးအဖွဲ့များကို ဖြေလျှော့ဖျက်သိမ်းပေးခဲ့သည်မှာသုံးနှစ်နီးပါး အချိန်မျှသာ ရှိပေသေးသည်။ ထိုကာလအတွင်း၌ပင် အချို့နယ်ပယ်များအတွင်း၌ မြန်မာ့ယဉ်ကျေးမှုနှင့် မဆီလျော်မှုများနှင့် ကျင့်ဝတ်ဥပဒေချိုးဖောက်မှုတို့ ပြုလုပ်လာကြသည်ကို ပြည်သူများကိုယ်တိုင် မြင်တွေ့ခဲ့ကြရသောကြောင့် ဖြစ်ပါသည်။

အထူးသဖြင့် အချို့ဗီဒီယိုဇာတ်ကားများတွင် ငယ်ရွယ်သူတို့၏ ကိုယ်ကျင့်တရားများကို ပျက်စီးစေနိုင်သော ဇာတ်ကွက်များပါလာသည်ကို မြင်တွေ့ရသည်။ အကျင့်စာရိတ္တပျက်စေနိုင်သည့် ပြကွက်များ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် မကိုက်ညီသည့် ဇာတ်ဝင်ခန်းများ၊ ဘာသာသာသနာကို ထိခိုက်စေနိုင်သော ပြကွက်များပါ ပါဝင်လာသည်ဟု သုံးသပ်ထားသည်။

ရုပ်ရှင်နယ်ပယ်တွင်သာမက စာပေနယ်ပယ်တွင်လည်း ထိုနည်းလည်းကောင်းပင်၊ အချို့ညစ်ညမ်းစာ၊ ရုပ်ပုံလွှာများပါ ပါဝင်လာသဖြင့် သတိပေးဟန့်တားမှုများလည်း ရှိခဲ့သေးသည်။ မည်သို့ပင်ဆိုစေ လွတ်လပ်မှုဟူသည် ကျင့်ဝတ်သိက္ခာတို့ကို မိမိတို့ကိုယ်တိုင် စောင့်ထိန်းကြဖို့သာဖြစ်သည်။ မိမိတို့ဖော်ပြချက်များသည် အများပြည်သူ အကျိုးစီးပွားကို မထိခိုက်မိဖို့ သတိပြုကြရပေလိမ့်မည်။ မိမိအကျိုးစီးပွား တစ်ခုတည်းကိုသာ ရှေးရှု၍ ဆောင်ရွက်ကြလျှင် မတော်လောဘ ဝိသမသမားများဖြစ်ပေလိမ့်မည်။

ယခုကဲ့သို့ ဆောင်ရွက်လိုက်ခြင်းသည် မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ မြန်မာတို့၏ ကိုယ်ကျင့်တရားများနှင့် မကိုက်ညီသော အပြုအမူ ဖော်ပြချက်များရှိလာသဖြင့် ထိန်းကျောင်းပေးခြင်း သဘောသာဖြစ်သည်။ အနုပညာတိုးတက်မှုကို ဟန့်တားခြင်းသဘောမဟုတ်ဘဲ ဂုဏ်သိက္ခာရှိရှိ အဆင့်အတန်းမြင့်မားရေးအတွက် တည့်မတ်ပေးခြင်းသာဖြစ်သည်။

သို့ပါ၍မြန်မာဗီဒီယိုများကို စိစစ်ခြင်းသည် မြန်မာ့တို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို တည့်မတ်ပေးခြင်းသဘောသာဖြစ်ရာ တင်းကျပ်ခြင်းမဟုတ်ဘဲ စေတနာမှန်ဖြင့် ထိန်းကျောင်းပေးခြင်းသာဖြစ်သည်ဟု ကြေးမုံက ရှုမြင်ပါသည်။ ။

# နေပြည်တော်ရှိ စိုက်ကွင်းများစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၃**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယမန်နေ့နံနက် ၇ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကျားကူးအနောက်ကျေးရွာအနီးရှိ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ် ဧက ၁၀၀ စိုက်ကွင်း၌ စိုက်ပျိုးရေးပညာရှင်များနှင့် တွေ့ဆုံ၍ အရည်အသွေးအားဖြင့် ရာနှုန်းပြည့် စိတ်ချအာမခံနိုင်သည့် စပ်မျိုးစပါး မျိုးကောင်းမျိုးသန့် မျိုးစေ့များကို လာမည့်နွေစပါးရာသီအချိန်မီ စိုက်ပျိုးလိုကြသော တောင်သူလယ်သမားများ လက်ဝယ်သို့အရောက် ဖြန့်ဖြူးပေးနိုင်ရေး မှာကြားသည်။

ထို့နောက် မျိုးသန့်မျိုးပွားပိန်းဥစိုက်ခင်းနှင့် ပုလဲသွယ်မိုးစပါးစိုက်ခင်း ဧက ၉၀၀ စိုက်ကွင်းရှိ ကျွဲကော၊ ပိန္နဲစိုက်ကွင်း၊ ရွှေဝါကန်စွန်းဥ၊ ငချိပ်ကန်စွန်းဥ သီးညှပ်စိုက်ခင်းနှင့် ကန်စွန်းခင်းများ ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စက်စက်ယိုဆည်ရေသောက် ဧက ၉၀၀ စိုက်ကွင်းရှိ သင်္ဘောသီးစိုက်ခင်း၊ နာနတ်သီးစိုက်ခင်း၊ စင်တင်ဘူးသီးနှံစိုက်ခင်း၊ ငရုတ်သီးနှံစိုက်ခင်းနှင့် ငွေချည်(၈)နှင့် ရွှေတောင်(၉)ချည်မျှင်ရှည်ဝါစိုက်ခင်း မြေဆီစမ်းသပ်ခြင်းနှင့် ခေတ်မီစိုက်နည်းစနစ်များ မြေဆီမြေဩဇာ စမ်းသပ်သုတေသနပြုလုပ်နေမှုနှင့် သီးနှံအမယ်များ သုတေသနစိုက်ပျိုးရန် ပြင်ဆင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းမှု သင်တန်းဖွင့်

**မြောင်းမြ အောက်တိုဘာ ၂၃**

လယ်ယာသုံး စက်ကိရိယာများပြုပြင်ထိန်းသိမ်းမှုသင်တန်းကို မြောင်းမြခရိုင်နှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ကြီးမှူး၍ ကျေးရွာအရောက် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ မြောင်းမြမြို့နယ်ရှိ ဘုရားငုတ္တို၊ ကညွတ်ကွင်းနှင့် မုဆိုးကွင်း ကျေးရွာအုပ်စုများမှ သင်တန်းသားတောင်သူ ၂၅ ဦးတက်ရောက်ကြသည်။



သင်တန်းရည်ရွယ်ချက်မှာ တောင်သူများ၏သားသမီးများ လုပ်ငန်းခွင်သုံးစက်ကိရိယာပစ္စည်းများကို ကိုင်တွယ်ပြုပြင်ထိန်းသိမ်းတတ်စေရန်ဖြစ်ကြောင်း မြောင်းမြခရိုင်စက်မှုလယ်ယာဦးစီးအရာရှိ ဦးဇော်မင်းနိုင်က ပြောကြားသည်။

သင်တန်းကို အောက်တိုဘာ ၂၁ ရက်မှ ၂၆ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းနှင့် မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်က အမှာစကားပြောကြားခဲ့သည်။

**အောင်မင်း(ခရိုင်ပြန်/ဆက်)**

**လယ်ယာသုံး စက်ကိရိယာပြုပြင်ထိန်းသိမ်းရေးသင်တန်းတွင် သင်တန်းသားများ လက်တွေ့ကိုယ်တိုင်ပါဝင်၍ ပြင်ဆင်ပြုပြင်နေကြစဉ်။**

# ရန်ကုန်တောင်ပိုင်းခရိုင် ဆရာဝန်အသင်းဖွဲ့စည်းမည်

**နေပြည်တော် အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)မှကြီးမှူး၍ စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေးနှင့် တောင်ပိုင်းခရိုင်ဆရာဝန်အသင်း ဖွဲ့စည်းရေးကို သန်လျင်မြို့ အမှတ်(၁၄)သိမ်ကျောင်းလမ်း မြို့မဈေးလမ်းဆုံ အဝိုင်းထိပ် မြို့သစ်အလယ်ရပ်ကွက်ရှိ ပါရာဒိုက်စ်မင်္ဂလာခန်းမ၌ အောက်တိုဘာ ၂၉ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂ နာရီခွဲတွင် ကျင်းပမည်ဖြစ်ပါသဖြင့် တောင်ပိုင်းခရိုင် မြို့နယ်များရှိ ဆရာဝန်များတက်ရောက်နိုင်ကြောင်း သိရသည်။

**(ဆရာဝန်အသင်း)**




**စာပေမြင့်မှ လူမျိုးတင့်မည်**

ချစ်ပိုင်သစ္စာ 562829,09-73198239 569782,09-43033237
ကျိုက်ထီးရိုး(နေ့စဉ်)/ ချောင်းသာ(နေ့စဉ်)
www.chitpaithitsar.blogspot.com

ရွှေကြေးစည် မှ ကျိုက်ထီးရိုး / ချောင်းသာ(နေ့စဉ်)
တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲ (၂)ညအိပ် Nov 1, 4
ဖုန်းဆိုးတန်း: 01-240860/372290 ဒေါ်ပုံ09-49282825,09-73494339,09421029191

ရွှေထူးလွင် ကျိုက်ထီးရိုး၊ ချောင်းသာ
တောင်ကြီး (မီးပုံးပျံပွဲ)
Ph : 09450044494, 09450044496,389920

ခရီးပြည့် 0931815390, 0931815395
ကျိုက်ထီးရိုး(နေ့စဉ်)(ငြိမ်း)– ၃၅၀၀၀
ချောင်းသာ(နေ့စဉ်)(ငြိမ်း)– ၄၀၀၀၀
ငွေဆောင်(သောကြာ)(ငြိမ်း)– ၅၀၀၀၀
တောင်ကြီး(မီးပုံးပျံပွဲ)– ၈၅၀၀၀
6+1 FREE
Car Rental
Nov 4 ထွက်မည်။

NATURAL BREEZE Travels & Tours

| | | |
|---|---|---|
| ပန်ကောက် - ပတ္တရား - အယုဒ္ဓယ | (၅ည ၆ရက်) | Nov 6 , Dec 27 |
| ချင်းမိုင် (လွိုင်ကထုံမီးထွန်းပွဲတော်) | (၄ည ၅ရက်) | Nov 4 , Dec 25 |
| စင်္ကာပူ - မလေးရှား | (၇ည ၈ရက်) | Dec 26,Dec 28 |
| စင်္ကာပူသီးသန့် | (၃ည ၄ရက်) | Nov 6,Dec 27 |
| ဟောင်ကောင် - မကာအို | (၄ည ၅ရက်) | Dec 28 |
| ဖူးခက် ကမ်းခြေ | (၄ည ၅ရက်) | Dec |

အမှတ်(၁၅)၊ ပထမထပ်၊ ကျွန်းတောလမ်း၊ စမ်းချောင်း။
09 732 11441 , 09 732 11442 , 09 732 11077

အတွဲ (၁၇)၊ အမှတ် ၁၂၊ နိုဝင်ဘာလ၊ ၂၀၁၄



Lifestyle
ခေတ်စားလာတဲ့ Midi Skirt
သူငယ်ချင်းအကြောင်း ပြောပြခဲ့သူများ
လူငယ်နဲ့ အပေါင်းအသင်း
ကိုယ်တိုင်ပျိုးမယ့် ပန်းနှင်းဆီ
အငှားကိုယ်ဝန်
၂၀၁၄ နိုဝင်ဘာလထုတ် ထွက်ပြီ
၃,၀၀၀ ကျပ်
တူဒေးစာအုပ်တိုက်က ထုတ်ဝေသည်။

☆ **ရွှေဖုံးမှ**

အဓိကရည်မှန်းချက်များကို ရရှိနိုင်ရေးအတွက် ကျွန်ုပ်တို့အားလုံး အတူတကွပူးပေါင်းပါဝင်ကြသည့် ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းတစ်ရပ်အဖြစ် ယခင်ကထက် ပိုမိုလိုအပ်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ကြီး၏ အလှည့်ကျဥက္ကဋ္ဌအနေဖြင့် ဆောင်ရွက်လျက်ရှိသည်နှင့်အညီ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် "အလုံးစုံ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကြေညာစာတမ်း" အကောင်အထည်ဖော်မှုမှ တစ်ဆင့် အာဆီယံနှင့်ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှုကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုပါသည်။ အာဆီယံပြည်သူများအတွက် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ တိုးချဲ့နိုင်စေရေးနှင့်ပိုမိုအားကောင်းလာစေရေးအတွက် ဆောင်ကြဉ်းပေးသွားရန် ကုလသမဂ္ဂအဖွဲ့ကြီးအားလည်း မြန်မာနိုင်ငံအနေဖြင့် အားပေးတိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံသည် နိုင်ငံတွင်း လက်ရှိ ပြုပြင်ပြောင်းလဲမှုများကို လမ်းကြောင်းမှန်အတိုင်း ထိန်းသိမ်းသွားနိုင်ရန် ဆုံးဖြတ်ထားပြီးဖြစ်ပါသည်။ နိုင်ငံတော်၏ နိုင်ငံရေးတည်ငြိမ်မှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးတို့ရရှိစေရန် ဆောင်ရွက်ခြင်းဖြင့် အဆိုပါရည်မှန်းချက် အောင်မြင်မှုရစေမည်ဖြစ်ပါသည်။ ကုလသမဂ္ဂအဖွဲ့ကြီး၏ စဉ်ဆက်မပြတ်အားပေးထောက်ခံမှုများသည် အဆိုပါလုပ်ငန်းစဉ်အတွက် အရေးပါသည့် အခန်းကဏ္ဍမှ ဆက်လက်ပါဝင်လျက်ရှိပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီးနှင့် လက်အောက်ခံအဖွဲ့အစည်းများ၏ မြန်မာနိုင်ငံအပေါ် ပိုမိုနားလည်မှုရှိလာခြင်းနှင့် ပိုမိုအလေးထားလာခြင်းတို့ကို ကျွန်ုပ်တို့အနေဖြင့် အသိအမှတ်ပြုကြိုဆိုပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများကိုယ်စား ကျွန်ုပ်အနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၌ နောက်ကြောင်းပြန်မလှည့်သော ပြောင်းလဲမှုများကို အစဉ်တစိုက် ထောက်ခံအားပေးမှုအတွက် ကုလသမဂ္ဂအဖွဲ့အစည်းကြီးအား ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ယခုကဲ့သို့ ထူးခြားသော အခါသမယတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းနှင့် အတူတကွ လက်တွဲလျက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ တာဝန်ဝတ္တရားများကို ဆက်လက်ထမ်းဆောင်သွားမည်ဆိုသည့် ကတိကဝတ်အား ထပ်လောင်းအတည်ပြုအပ်ပါသည်။

* **ရွှေဖုံးမှ**

သဝဏ်လွှာကို ရှမ်းပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် ပေးပို့သောသဝဏ်လွှာကို အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုအဖွဲ့များနှင့် အဝေးရောက် အင်းသူအင်းသားများ ပေးပို့သောသဝဏ်လွှာများကို တာဝန်ရှိသူအသီးသီးက ဖတ်ကြားခဲ့သည်။

စတုတ္ထအကြိမ် အင်းသားဆုံစည်းရာနေ့အထိမ်းအမှတ်အဖြစ် အင်းလေးဒေသအတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၂၂ ကျောင်းသို့ စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာကျင်းပခြင်း၊ ဘော်လီဘောပြိုင်ပွဲ၊ ရိုးရာခြင်းအလှခတ်ပြသခြင်း၊ တိုင်းရင်းသားရိုးရာ အကများ၊ ခေတ်ပေါ်တေးဂီတများဖြင့် ဖျော်ဖြေခြင်း၊ ပညာပေးပြခန်းများ ပြသခြင်းဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည့်အပြင် အဆိုပါအခမ်းအနားသို့ အင်းလေးကန်ဝန်းကျင်ရှိ တိုင်းရင်းသားများ၊ အဝေးရောက် အင်းသူအင်းသားများ၊ အင်းလေးကို စိတ်ဝင်စားသည့် ဒေသအသီးသီးမှ ဧည့်သည်များနှင့် ကမ္ဘာလှည့်ခရီးသွားများ လာရောက်ခဲ့ကြောင်း သိရသည်။

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်သားများအနေဖြင့် လူ့အသက်ကယ်ဆယ်ရေးအကူအညီများ ဖြန့်ဝေပေးနိုင်ခဲ့

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပေးပို့သည့် ကုလသမဂ္ဂနေ့အထိမ်းအမှတ်သဝဏ်လွှာ (၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၄ ရက်)**

ပြဿနာရပ်ပေါင်းများစွာဖြင့် ပြည့်နှက်နေသည့် ယနေ့အချိန်အခါကာလအတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းသည် ယခင်ကထက်ပိုမိုလိုအပ်လျက်ရှိသည်။ ဆင်းရဲမွဲတေမှု၊ ရောဂါဘယထူပြောမှု၊ အကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့မှာ ဒုန်းဒေးများပြားလျက်ရှိသည့်အတွက် သန်းပေါင်းများစွာသော ပြည်သူများသည် အကြွေးဖြင့်စေခိုင်းခံရမှု၊ လူကုန်ကူးမှု၊ လိင်ပိုင်းဆိုင်ရာကျေးကျွန်ပြုမှု (သို့မဟုတ်) စက်ရုံအလုပ်ရုံများ၊ လယ်ယာမြေများနှင့် သတ္တုတွင်းများ၌ လုံခြုံစိတ်ချမှုမရှိသည့်အခြေအနေများ စသည့် လက်မခံနိုင်ဖွယ်ရာ အမြတ်ထုတ်မှုများကိုလည်း ဆက်လက်ခံစားနေကြရပါသည်။ ကမ္ဘာ့စီးပွားရေးသည်လည်း ပုံသဏ္ဍာန်မမှန်သောကစားကွင်းတစ်ခုအနေနှင့် ဆက်လက်တည်ရှိလျက်ရှိပါသည်။

လူသားများ၏ဂုဏ်သိက္ခာ စော်ကားခံရခြင်းကို အဆုံးသတ်စေရန်နှင့် ပိုမိုကောင်းမွန်သောအနာဂတ်ကို ဦးတည်စေရန်အတွက် ကမ္ဘာ့လူသားများကို ကတိကဝတ်ပြုသည့်တစ်ခုတည်းသော အဖွဲ့အစည်းအဖြစ် ကုလသမဂ္ဂအဖွဲ့အစည်းကို တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ နာကျင်ခံစားဖွယ်ရာ နှောင့်နှေးကြန့်ကြာမှုဖြစ်စေသည့် ကိစ္စရပ်များရှိနေသည့်အတွက် ကုလသမဂ္ဂပဋိညာဉ်စာတမ်း၏ ရည်မှန်းချက်အမြင်အတိုင်း အကောင်အထည်ဖော်ဆောင်နိုင်ရန် ဆက်လက်လုပ်ဆောင်ရမည့် ကိစ္စရပ်များရှိနေပါသည်။ သို့သော်လည်း ကျွန်ုပ်တို့၏ အောင်မြင်မှုရလဒ်များမှ သင်ခန်းစာရယူလျက် ဆက်လက်လုပ်ဆောင်သွားနိုင်မည်ဖြစ်ပါသည်။

ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးမှုရည်မှန်းချက်များသည် အောင်မြင်မှုအရဆုံး ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးလှုပ်ရှားမှုအသွင် ဖန်တီးဖော်ဆောင်နိုင်ခဲ့ပါသည်။ မမျှတမှု၊ ညှဥ်းပန်းနှိပ်စက်မှုနှင့် လူမျိုးရေးခွဲခြားမှုတို့ကို ဖော်ထုတ်ဆန့်ကျင်သည့် ကုလသမဂ္ဂစာချုပ်စာတမ်းများသည် လူသားများအား အကာအကွယ်ပေးနိုင်ခဲ့ပြီး အခြားသော သဘောတူညီချက်များမှာ သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းကာကွယ်ပေးနိုင်ခဲ့ပါသည်။ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းသူများသည် ရန်လိုသည့်အင်အားစုများကို ဖြိုခွဲနိုင်ခဲ့ပြီး ကျွန်ုပ်တို့၏ စေ့စပ်ညှိနှိုင်းသူများသည် အငြင်းပွားမှုများကိုဖြေရှင်းပေးနိုင်ခဲ့ပါသည်။ ကျွန်ုပ်တို့၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်သားများအနေဖြင့် လူ့အသက်ကယ်ဆယ်ရေးအကူအညီများ ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။

ယခုကဲ့သို့ အရေးကြီးသောကာလတွင် လူ့အဖွဲ့အစည်းမှ ဘေးဖယ်ခံရသူများနှင့် ဆင်းရဲဒုက္ခကျရောက်လွယ်သူများအတွက် လုပ်ပိုင်ခွင့်စွမ်းဆောင်ရည်မြှင့်တင်ဆောင်ရွက်ပေးရန်ဆိုသည့် ကျွန်ုပ်တို့၏ ကတိကဝတ်အား ထပ်လောင်းအတည်ပြုကြပါစို့။ လူသားအားလုံး ခံစားခွင့်ရရှိစေနိုင်မည့် တူညီသောအကျိုးစီးပွားပေါ်ထွန်းရေးအတွက် ယေဘုယျအကျိုးဖြစ်ထွန်းစေနိုင်သည့် ဖြစ်စဉ်တိုင်း၌ ကမ္ဘာ့နိုင်ငံအသီးသီးမှ အစိုးရများနှင့် ပြည်သူလူထုတစ်ဦးချင်း ပါဝင်လုပ်ဆောင်သွားကြပါရန် ကုလသမဂ္ဂနေ့တွင် ကျွန်ုပ်အနေဖြင့် တိုက်တွန်းအပ်ပါသည်။ ■

# ကျန်းမာရေးကူညီစောင့်ရှောက်မှုအတွက် ဆေးရုံတိုးချဲ့တည်ဆောက်

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေးမြို့ ဖြဟ္မစိုရ်အသင်းမှ လူမှုရေး၊ ကျန်းမာရေးလုပ်ငန်းများကို ကူညီ ဆောင်ရွက်ပေးလျက်ရှိရာ ဆေးရုံသစ်ကြီးတစ်ခုကို မန္တလေးမြို့ (၆၂)လမ်း (၃၃ × ၃၄)လမ်းကြား ချမ်းအေးသာစံ မြို့နယ်အတွင်း၌ တည်ဆောက်လျက်ရှိပြီး ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။**(ယာပုံ)**

ဆင်းရဲနွမ်းပါးသူများအား အထူးကုဆရာဝန်ကြီးများဖြင့် ရောဂါကို ထိထိရောက်ရောက် ကုသလိုစိတ်ကို ဖြည့်ဆည်းပေးရန်၊ ဆေးရုံအထိ တက်ရောက်ရသည့်အနေအထားများ လျော့ပါးသွားစေရန်နှင့် ဆေးရုံတက်ကုသရမည့် အနေအထားရှိပါက လျင်မြန်စွာကုသနိုင်ရန်၊ ဆေးရုံတက်ကုသရသော လူနာများအတွက် လိုအပ်ပါက ဆက်လက်ထောက်ပံ့ကူညီသွားရန် ရည်ရွယ်လျက် ၂၀၀၀ ပြည့်နှစ်များမှအစပြုပြီး ကျန်းမာရေးစောင့်ရှောက်မှုများကို အသင်းကြီးမှ ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်စဉ်က မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ကလေး၊ သားဖွားမီးယပ်၊ ဖျားနာ၊ အရိုးအဆစ်၊ ခါတ်မှန်ဌာန၊ ခါတ်ခွဲခန်းလုပ်ငန်းများသာ စောင့်ရှောက်မှုပေးနိုင်ခဲ့သော်လည်း ယခုအခါ တီဘီ၊ သွားနှင့်ခံတွင်း၊ အရေပြား၊ ခွဲစိတ်(သာမန်)၊ အကြောအဆစ်၊ စိတ်ရောဂါအထူးကုနှင့် အဆုတ်နှင့်ရင်ခေါင်းအထူးကုရောဂါများပါ ကူညီစောင့်ရှောက်မှုပေးလျက်ရှိသည်။

ကုသိုလ်ဖြစ် အထူးကုဆေးခန်းတွင် ပညာဒါန၊ လုပ်အားဒါနပေးလှူကြသော ကုသိုလ်ရှင် အထူးကုဆရာဝန်ကြီး ၄၀၊ အထွေထွေရောဂါကုဆရာဝန် ၄၀၊ သူနာပြုဆရာမ ၃၅ ဦး၊ ကျွမ်းကျင်ပညာရှင် ၁၅ ဦး၊ စေတနာ့ဝန်ထမ်းလူငယ်မောင်မယ် ၁၀၀ နှင့် ဝန်ထမ်း ၂၅ ဦးတို့က ကူညီဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၃ ခုနှစ်အတွင်း ကျန်းမာရေးကူညီမှုလုပ်ငန်းများအတွက် ငွေကျပ်သိန်းကိုးရာကျော် အသုံးပြုခဲ့ကြောင်း သိရသည်။


ယခုအခါ အသင်းကြီးမှ ဦးဆောင်၍ အလျား ၁၀၂ ပေ၊ အနံ ၃၂ ပေရှိ သုံးထပ်ဆောင် ဆေးရုံသစ်ကြီးကို



လည်း စေတနာရှင်အကူအညီများဖြင့် တိုးချဲ့ဆောက်လုပ်လျက်ရှိပြီး ခါတ်လှေကားများ တပ်ဆင်သွားမည်ဖြစ်သည်။

အသင်းကြီးသည် နာရေးကူညီမှုလုပ်ငန်း၊ သဘာဝနှင့် အခြားဘေးအန္တရာယ်ကူညီမှုလုပ်ငန်း၊ အသည်း၊ ကျောက်ကပ်၊ သွေးလှူဒါန်းခြင်းလုပ်ငန်း၊ ပညာရေးကူညီမှုလုပ်ငန်း (၅)ရပ်ဖြင့် အများပြည်သူအကျိုးသယ်ပိုးဆောင်ရွက်ပေးလျက်ရှိသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ကက်ရှ်မီးယားဒေသ စီယာချန်ရေခဲမြစ်သို့ အိန္ဒိယဝန်ကြီးချုပ်မိုဒီ သွားရောက်လည်ပတ်

နယူးဒေလီ အောက်တိုဘာ ၂၃

**အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီသည် လွန်ခဲ့သည့်လအတွင်း ရေလွှမ်းမိုးမှုများကြောင့် အပျက်အစီးများဖြစ်ပေါ်ခဲ့သည့် ကက်ရှ်မီးယားဒေသသို့ ဒီပါဝလီပွဲတော်ရက်အတွင်း သွားရောက်ရာတွင် စီယာချန်ရေခဲမြစ်သို့ ခေတ္တသွားရောက်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။**

ကမ္ဘာ့အမြင့်ဆုံးစစ်မြေပြင်ဟု လူသိများသည့် စီယာချင်ရေခဲမြစ်ကို အိန္ဒိယနှင့် ပါကစ္စတန်တို့က ၎င်းတို့ ပိုင်ဆိုင်ကြောင်း ပြောကြားထားသည်။

ကျွန်ုပ်တို့၏ ရဲရင့်သောစစ်သည်များနှင့် ဒီပါဝလီပွဲတော်ကာလအတွင်း အတူတကွရှိနေရန် စီယာချန်ရေခဲမြစ် ရှေ့တန်းနယ်မြေသို့လာရောက်ခြင်းဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်က ၎င်း၏တွစ်တာတွင် ရေးသားခဲ့သည်။

မိုဒီသည် စီယာချန်ရေခဲမြစ်ဒေသသို့ လာရောက်သော ဒုတိယမြောက် အိန္ဒိယဝန်ကြီးချုပ်ဖြစ်သည်။ အဆိုပါဒေသသို့ ပထမဆုံး လာရောက်သော အိန္ဒိယဝန်ကြီးချုပ်မှာ မန်မိုဟန်ဆင်းဖြစ်သည်။ အိန္ဒိယနှင့် ပါကစ္စတန်အကြား ထိန်းချုပ်ရေးမျဉ်းအနီး စီယာချန်ရေခဲမြစ်တည်ရှိသည်။

၂၀၀၅ ခုနှစ် ဇွန်လတွင် ယင်းရေခဲမြစ်သို့ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းရောက်ရှိခဲ့သည်။ စီယာချန် ရေခဲမြစ်တည်ရာ တောင်သည် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံအကြား ငြိမ်းချမ်းသော တောင်ဖြစ်လာလိမ့်မည်ဟု မန်မိုဟန်ဆင်းက ပြောကြားခဲ့သည်။

အဆိုပါဒေသတွင် ဖြန့်ကြက်ထားသော တပ်ဖွဲ့ဝင်များမှာ ကြမ်းတမ်းသောရာသီဥတုကြောင့် သေဆုံးရလေ့ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၂၂၀၀၀ (မီတာ ၆၇၀၀) အမြင့်ရှိသည့် ရေခဲမြစ်ဒေသတွင် အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံများမှ တပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ထားကြသည်။

**ဘီဘီစီ။**



စီယာချန်ရေခဲမြစ်ဒေသ၌ ဖြန့်ကြက်ထားသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

# ကနေဒါ ပါလီမန်ကို စီးနင်းတိုက်ခိုက်ရန် ကြိုးပမ်းပြီးနောက် အမေရိကန်၌ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ကို တပ်လှန့်

**ဝါရှင်တန် အောက်တိုဘာ ၂၃**

ကနေဒါနိုင်ငံ မြို့တော်အော်တဝါရှိ ပါလီမန် အဆောက်အအုံကို သေနတ်သမားတစ်ဦးက စီးနင်းတိုက်ခိုက်ခဲ့သည့် ဖြစ်ရပ်ဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စုတွင် လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့များကို တပ်လှန့်ထားလိုက်ပြီး နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများတွင် လုံခြုံရေးကို တိုးမြှင့်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အကြမ်းဖက်သမားများ၏ အမည်စာရင်းတွင် ထည့်သွင်းခံထားရသူ သေနတ်သမားတစ်ဦးသည် အောက်တိုဘာ၂၂ရက်က ပါလီမန်အဆောက်အအုံအတွင်းသို့ စီးနင်းဝင်ရောက်နိုင်ရန် လုပ်ဆောင်ခဲ့ပြီး ၎င်းကို လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ၎င်းမှာ သေဆုံးခဲ့ရသည်။ ယင်းသေနတ်သမား၏ လက်ချက်ကြောင့် စစ်သည်တစ်ဦး သေဆုံးခဲ့ရသည်။



သေနတ်ပစ်ခတ်မှု ဖြစ်ပွားပြီးနောက် ကနေဒါပါလီမန်တောင်ကုန်းအနီးရှိ တပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်စဉ်။

ကနေဒါနိုင်ငံ၌ စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင်တစ်ဦးကို တိုက်ခိုက်ခဲ့သည့် ဖြစ်ရပ်မှာ ယခုရက်သတ္တပတ်အတွင်း ဒုတိယအကြိမ်ဖြစ်သည်။ အီရတ်နိုင်ငံ၌ အိုင်အက်စ်စစ်သွေးကြွများကို အမေရိကန် ဦးဆောင်သော တပ်ဖွဲ့များက ဗုံးကြဲတိုက်ခိုက်သည့် စစ်ရေးလှုပ်ရှားမှုတွင် ကနေဒါနိုင်ငံ ပါဝင်ရန် စီစဉ်ထားချိန်တွင် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့သည်။

ပါလီမန်အဆောက်အအုံ တစ်ဖက်တစ်ချက်ရှိ ကနေဒါစစ်သည်များ အမှတ်တရ ဂူဗိမာန်၌ လုံခြုံရေး စောင့်ကြပ်နေသူ စစ်သည်တစ်ဦးသည် သေနတ်သမား၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရပြီး ယင်းသေနတ်သမားကို ပါလီမန် တောင်ကုန်း၌ စောင့်ကြပ်နေသော လုံခြုံရေးတပ်ဖွဲ့က ပစ်ခတ်ဖမ်းဆီးခဲ့ရာ အသေဖမ်းဆီးရမိခဲ့သည်။

**ပီတီအိုင်။**



## ရုရှားထောက်လှမ်းရေးလေယာဉ်ကို နေတိုးတိုက်လေယာဉ်များ ကြားဖြတ်ဟန့်တား

**တယ်လင်း အောက်တိုဘာ ၂၃**

ဘောလ်တစ်ပင်လယ်၏ ဝေဟင်အတွင်း ရုရှားထောက်လှမ်းရေးလေယာဉ်တစ်စင်းကို နေတိုးအဖွဲ့၏ ဂျက်တိုက်လေယာဉ်များက ကြားဖြတ်ဟန့်တားခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အက်စ်တိုးနီးယား လေကြောင်းပိုင်နက်တွင်းသို့ ရုရှား အီလူးရှင်း ၂၀ အမျိုးအစားလေယာဉ်တစ်စင်းက တစ်မိနစ်ခန့် ကျူးကျော်ဝင်ရောက်ပျံသန်းခဲ့သည်ဟု စစ်ဘက်က ပြောကြားအပြီး အက်စ်တိုးနီးယားအစိုးရက ရုရှားသံအမတ်ကြီးကို အောက်တိုဘာ ၂၂ ရက်က ဆင့်ခေါ်ခဲ့သည်။

သို့သော် အဆိုပါလေယာဉ်သည် လေ့ကျင့်ပျံသန်းနေခြင်းသာဖြစ်ပြီး အက်စ်တိုးနီးယားလေကြောင်းပိုင်နက်ကို ချိုးဖောက်ခြင်းမရှိကြောင်း ရုရှားက ပြောကြားသည်။

ရုရှားနိုင်ငံ၏ အလားတူ ကျူးကျော်ဝင်ရောက်မှုအချို့ရှိခဲ့ကြောင်း အက်စ်တိုးနီးယားနိုင်ငံက စွပ်စွဲပြောကြားသည်။

**ရိုက်တာ။**

## အာဖဂန်နစ္စတန်တွင် ဘိန်းစိုက်ပျိုးမှု စံချိန်တင်မြင့်တက်လျက်ရှိ

**ကဘူး အောက်တိုဘာ ၂၃** ။ ။ အမေရိကန်သည် အာဖဂန်နစ္စတန်နိုင်ငံအတွက် ဒေါ်လာ ၇ ဒသမ ၆ ဘီလီယံအသုံးပြုပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို နှစ်ပေါင်းများစွာလုပ်ဆောင်သော်လည်း ၂၀၁၃ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှုစံချိန်တင်မြင့်တက်ခဲ့ကြောင်း အမေရိကန်အစိုးရ၏ အာဖဂန်နစ္စတန် ပြန်လည်ထူထောင်ရေးအသုံးစရိတ်ဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။

ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNDOC) ၏ အစီရင်ခံစာအရ အာဖဂန်နစ္စတန်လယ်သမားများသည် ၂၀၁၃ ခုနှစ်တွင် ဘိန်းစိုက်ခင်းဟတ်တာ ၂၀၉၀၀၀ (ဧက ၅၁၆၀၀၀) မကြုံစဖူးစိုက်ပျိုးခဲ့ရာ ၂၀၀၇ ခုနှစ်က အမြင့်ဆုံးစံချိန်တင်ခဲ့သည့် ဟတ်တာ ၁၉၃၀၀၀ (ဧက ၄၇၇၀၀၀) ကို ကျော်လွန်သည်ဟု အာဖဂန်နစ္စတန်ပြန်လည်ထူထောင်ရေးဆိုင်ရာ အထူးစစ်ဆေးရေးမှူးချုပ် ဂျွန်ဆွပ်ကိုက ပြောကြားသည်။

လွန်ခဲ့သည့် လေးငါးနှစ်အတွင်း အမေရိကန်အစိုးရနှင့် မဟာမိတ်လုပ်ဖော်ကိုင်ဖက်များက ဘိန်းစိုက်ပျိုးမှု တစ်ဟုန်ထိုးတိုးပွားလာမှုကို ပူးပေါင်းဖြေရှင်းပေးခဲ့သည့်အတွက် အာဖဂန်နစ္စတန်၏ ဘိန်းထုတ်လုပ်မှုခေတ္တကျဆင်းသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ၊ ကာကွယ်ရေးဝန်ကြီး ချက်ဟေဂဲလ်နှင့် အခြားအမေရိကန်အရာရှိကြီးများထံပေးပို့သည့်စာထဲတွင် ဆွပ်ကိုက ရေးသားဖော်ပြသည်။ **ရိုက်တာ။**

# လ လေ့လာရေးယာဉ် တရုတ်နိုင်ငံ လွှတ်တင်တော့မည်



တရုတ်နိုင်ငံ မြို့တော်ပေကျင်းရှိ လေကြောင်းအာကာသ ထိန်းချုပ်ရေးဌာန၌ သိပ္ပံပညာရှင်များကို တွေ့ရစဉ်။

**ပေကျင်း အောက်တိုဘာ ၂၃**

တရုတ်နိုင်ငံသည် မကြာမီရက်များအတွင်း လစူးစမ်းလေ့လာရေးယာဉ်တစ်စင်းကို လွှတ်တင်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက အောက်တိုဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံသည် လပတ်ယာဉ်တစ်စင်းကို စေလွှတ်မည်ဖြစ်ကြောင်း၊ လသို့ စေလွှတ်သည့် လပတ်ယာဉ်သည် စူးစမ်းလေ့လာမှုပြုလုပ်ပြီးနောက် မြေကမ္ဘာသို့ ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

လသို့ စေလွှတ်မည့် အာကာသစူးစမ်းလေ့လာရေးယာဉ်ကို ယခုအချိန်အထိ အမည်ပေးရခြင်း မရှိသေးပေ။ အဆိုပါယာဉ်ကို အောက်တိုဘာ ၂၄ ရက်မှ ၂၆ ရက်အထိဖြစ်သော ကာလအတွင်း လွှတ်တင်မည်ဖြစ်ကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ကမ္ဘာမြေပြင်သို့ ပြန်လည်ဆင်းသက်နိုင်စွမ်းရှိသော လပတ်ယာဉ်တည်ဆောက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ ယင်းစူးစမ်းလေ့လာရေးယာဉ်သည် ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်ချိန်တွင် မြင့်မားသည့်အပူချိန်နှင့် ကြုံတွေ့ရမည်ဖြစ်ရာ အပူဒဏ်ခံနိုင်ရည်ရှိသောယာဉ်အဖြစ် တည်ဆောက်ထားသည်။

တရုတ်နိုင်ငံ၏ စတုတ္ထမြောက် လစူးစမ်းလေ့လာရေးယာဉ်ဖြစ်သော ချန်ဂီ-၅ ယာဉ်၌ အသုံးပြုမည့်နည်းပညာကို စမ်းသပ်ရန် တရုတ်သိပ္ပံပညာရှင်များက စီစဉ်ထားသည်။ လ၏မျက်နှာပြင်မှ မြေသားနမူနာများကို ရယူမည့် ချန်ဂီ-၅ ယာဉ်ကို ၂၀၁၇ ခုနှစ်ဝန်းကျင်တွင် လွှတ်တင်မည်ဖြစ်ကြောင်း တရုတ် သိပ္ပံ၊ နည်းပညာ၊ အမျိုးသား ကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းအုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။

**ဆင်ဟွာ။**

နိုင်ငံတကာ

# ဘိုကိုဟာရမ်စစ်သွေးကြွများက အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ဖမ်းဆီးခေါ်ဆောင်

**လေဂို့စ် အောက်တိုဘာ ၂၃**

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း အဒမ်မာဝါ ပြည်နယ်ရှိ ကျေးရွာနှစ်ရွာမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်ဒါဇင်ပေါင်းများစွာကို စစ်သွေးကြွများက အဓမ္မဖမ်းဆီးခေါ်ဆောင်သွားဖွယ်ရှိသည်ဟု ဒေသခံများက ပြောကြားသည်။

ဖမ်းဆီးခေါ်ဆောင်သွားခဲ့မှုနှင့်ပတ်သက်၍ တာဝန်ရှိသူများက အတည်ပြုခြင်းမရှိသေးသော်လည်း ဘိုကိုဟာရမ်အဖွဲ့နှင့် ယာယီအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိထားသည်ဟု အစိုးရစစ်တပ်က ကြေညာပြီး နောက်တစ်နေ့တွင် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။

နိုင်ဂျီးရီးယားအစိုးရက ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းမှုတစ်စိတ်တစ်ပိုင်းအဖြစ် ဧပြီလအတွင်းက ဖမ်းဆီးခေါ်ဆောင်သွားသည့် မိန်းကလေး ၂၀၀ ကျော်ကို ပြန်လွှတ်ပေးလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ သို့သော် ဘိုကိုဟာရမ်အဖွဲ့ကမူ အဆိုပါအပစ်အခတ်ရပ်စဲရေးကို အတည်ပြုခဲ့ခြင်းမရှိပေ။

နိုင်ဂျီးရီးယားအစိုးရက ဘိုကိုဟာရမ်အဖွဲ့နှင့် အိမ်နီးချင်း ချဒ်နိုင်ငံတွင် ယခုသီတင်းပတ်အတွင်း ထပ်မံဆွေးနွေးသွားရမည်ဟု အပစ်အခတ်ရပ်စဲကြေညာချက်တွင် ထည့်သွင်းပြောကြားခဲ့သည်။

သီးခြားဖြစ်စဉ်တစ်ခုအနေဖြင့် နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်း ဘယူချီပြည်နယ် မြို့တစ်မြို့ရှိ ဘတ်စ်ကားမှတ်တိုင်တွင် ဗုံးပေါက်ကွဲမှုကြောင့် အနည်းဆုံး လူငါးဦး သေဆုံးခဲ့ရသည်။ ယင်းတိုက်ခိုက်မှုနှင့် ပတ်သက်၍လည်း မည်သည့်အဖွဲ့ကမျှ တာဝန်မယူခဲ့ကြပေ။

**ဘီဘီစီ။**



# အီဘိုလာ ကူးစက်မြန်ရောဂါကာကွယ်ရန် ခရီးသွားများအား ပိတ်ပင်ဟန့်တားမှုအပေါ် ဆွေးနွေး

**ဂျီနီဗာ အောက်တိုဘာ ၂၃**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်ကော်မတီက အီဘိုလာကူးစက်မြန်ရောဂါနှင့်ပတ်သက်ပြီး အောက်တိုဘာ ၂၂ ရက်တွင် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသော ခရီးသွားများအား ရောဂါရှိ မရှိ စစ်ဆေးခြင်းနှင့် တင်းကျပ်သောစစ်ဆေးခြင်းများ ပြုလုပ်သင့်၊ မလုပ်သင့်ကို ဆွေးနွေးခဲ့ကြသည်။

အမေရိကန်တွင် ရောဂါဖြစ်ပွားမှုအများဆုံးနိုင်ငံများမှ ရောက်ရှိလာသော ခရီးသွားများအား နိုင်ငံ၏လေဆိပ်ငါးခုအနက် တစ်ခုတွင်သာ ဝင်ရောက်ခွင့်ပြုရန် စည်းမျဉ်းအသစ်များရေးဆွဲပြဋ္ဌာန်းရန် လိုအပ်နေပြီဖြစ်သည်။

ကူးစက်မြန်ရောဂါကြောင့် သေဆုံးမှုအများဆုံး နိုင်ငံများမှာ ဂီနီ၊ လိုက်ဘေးရီးယားနှင့် ဆီရာလီယွန်တို့ဖြစ်ကြသည်။

တစ်ချိန်တည်းမှာပင် အီဘိုလာကူးစက်မြန်ရောဂါကာကွယ်ဆေးကို ဆွစ်ဇာလန်နိုင်ငံသို့ ပို့ဆောင်၍ လက်တွေ့စမ်းသပ်လျက်ရှိသည်။ အီဘိုလာကာကွယ်ဆေးကို ကနေဒါပြည်သူ့ကျန်းမာရေးအေဂျင်စီမှ ထုတ်လုပ်ခြင်းဖြစ်သည်။ ကာကွယ်ဆေးတွင် ခန္ဓာကိုယ်၏ ရောဂါကာကွယ်နိုင်စွမ်းရှိသော ပဋိပစ္စည်းများကို ထုတ်လုပ်ပေးနိုင်သည့် ခံနိုင်ရည်ရှိသော ကလာပ်စည်းတစ်ခုကို ထုတ်ပေးနိုင်စွမ်းရှိသည်။

မည်သို့ပင်ဆိုစေကာမူ ဘီဘီစီမှ သတင်းတင်ဆက်သူ အိုင်မိုဂျန် ဖောက်ကီးက အီဘိုလာရောဂါ ကာကွယ်ဆေးနှင့်ပတ်သက်ပြီး မည်သည့်စမ်းသပ်မှုများပြုလုပ်စေကာမူ လပေါင်းများစွာ (သို့) နှစ်ပေါင်းများစွာတိုင် ကာကွယ်ဆေးရရှိနိုင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

**ဘီဘီစီ။**



# အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဆီးရီးယားတွင် အစ္စလာမ္မစ်စစ်သွေးကြွ ၅၂၁ ဦးနှင့် အရပ်သား ၃၂ ဦးသေဆုံး

**ဒမတ်စကတ် အောက်တိုဘာ ၂၃**

ဆီးရီးယားတွင် အစ္စလာမ္မစ်များအား အမေရိကန်အပါအဝင် ညွန့်ပေါင်းအဖွဲ့များ၏ တိုက်ခိုက်ချေမှုန်းမှုသည် လနှင့်ချီကြာမြင့်လာသည်နှင့်အမျှ စစ်သွေးကြွများ၏ သေကျေပျက်စီးမှုနှုန်းသည်လည်း မြင့်တက်လာပြီဖြစ်သည်။

အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အစ္စလာမ္မစ်စစ်သွေးကြွ ၅၂၁ ဦးနှင့် အရပ်သား ၃၂ ဦးတို့ သေကျေခဲ့ပြီဖြစ်ကြောင်း သတင်းတစ်ရပ်က ဖော်ပြခဲ့သည်။

သေဆုံးသူများအနက် ၄၆၄ ဦးသည် ဆီးရီးယားနှင့် အီရတ်နယ်မြေများကို သိမ်းပိုက်ထားသော အယ်လ်ခိုင်ဒါအဖွဲ့ခွဲတစ်ခုမှ အစ္စလာမ္မစ်စစ်သွေးကြွများ ဖြစ်သည်။

အမေရိကန်သည် အာရပ်တပ်ဖွဲ့များ၏ကူညီထောက်ပံ့မှုဖြင့် အီရတ်ရှိ အစ္စလာမ္မစ်စစ်သွေးကြွများကို ဇူလိုင်လနှင့် ဆီးရီးယားရှိစစ်သွေးကြွများကို စက်တင်ဘာလမှစပြီး လေကြောင်းတိုက်ခိုက်ရေး ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့သည်လည်း အီရတ်ရှိ အစ္စလာမ္မစ်စစ်သွေးကြွများကို တိုက်ခိုက်ရေးဆင်နွှဲနေကြောင်း သိရသည်။

ဆီးရီးယားတွင် သုံးနှစ်ကြာ ပြည်တွင်းစစ်ဖြစ်ပွားမှုကြောင့် လူပေါင်း နှစ်သိန်းနီးပါး သေကျေပျက်စီးခဲ့ရကြောင်း သတင်းတစ်ရပ်က ဖော်ပြထားသည်။

ညွန့်ပေါင်းတပ်ဖွဲ့များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဆီးရီးယား၏ ခရိုင်နယ်မြေအများအပြား ထိခိုက်ပျက်စီးခဲ့ရကြောင်း သိရသည်။

**ရိုက်တာ။**

# မော်စကိုမြို့၌ လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍ လေးဦးထိန်းသိမ်းခံထားရ

**မော်စကို အောက်တိုဘာ ၂၃**

ရုရှား စုံစမ်းစစ်ဆေးသူများက ပြင်သစ်ရေနံကုမ္ပဏီ တိုတယ်လ်၏ အမှုဆောင်အရာရှိချုပ်နှင့် လေယာဉ်အမှုထမ်းသုံးဦး သေဆုံးခဲ့ရမှုနှင့် ပတ်သက်၍မော်စကို ဗီနူကိုဗိုလေဆိပ်မှ ဝန်ထမ်းလေးဦးထက်မနည်းကို ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။

တိုတယ်လ်ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် ခရစ္စတိုဖာဒီမာဂရီယေးစီးနင်းလာသော ပုဂ္ဂလိကဂျက်လေယာဉ်သည် လေဆိပ်မှပျံတက်ရန် ကြိုးပမ်းစဉ် ဆီးနှင်းခဲရှင်းလင်းရေးယာဉ်နှင့် တိုက်မိခဲ့ခြင်းကြောင့်ဆီးနှင်းခဲရှင်းလင်းရေးယာဉ် မောင်းနှင်သူတွင် အဓိကတာဝန်ရှိလျက်ရှိသည်။ ဗီနူကိုဗိုလေဆိပ်က အထွေထွေ ညွှန်ကြားရေးမှူးနှင့် ဒုတိယ ညွှန်ကြားရေးမှူးတို့၏ နုတ်ထွက်စာများကို လက်ခံရရှိခဲ့သည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

တနင်္လာနေ့ နှောင်းပိုင်းက လေယာဉ်ပျက်ကျမှုဖြစ်ပွားပြီးနောက် ဆီးနှင်းခဲရှင်းလင်းရေးယာဉ် မောင်းနှင်သူတစ်ဦးတည်းကိုသာ ချက်ချင်းဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း စုံစမ်းစစ်ဆေးသူများက ပြောကြားသည်။ အသက် (၆၀)ရှိပြီဖြစ်သော အဆိုပါယာဉ်မောင်းသည် အခင်းဖြစ်ပွားစဉ်က အရက်သေစာ သောက်စားထားသည်ဟု စုံစမ်းစစ်ဆေးသူများက ပြောကြားသော်လည်း ၎င်း၏ ရှေ့နေက အရက်သောက်မထားပါဟု ငြင်းဆိုခဲ့သည်။

စုံစမ်းစစ်ဆေးရေး ကော်မတီက ယခုအခါ လေကြောင်းထိန်းချုပ်ရေး တာဝန်ရှိသူတစ်ဦး၊ လမ်းကြောင်းရှင်းလင်းရေး တာဝန်ရှိသူနှစ်ဦးနှင့် ဆီးနှင်းခဲရှင်းလင်းရေးတာဝန်ရှိသူ အင်ဂျင်နီယာတစ်ဦးတို့ကို ထိန်းသိမ်းခဲ့ကြောင်း ကြာသပတေးနေ့တွင် ပြောကြားသည်။

**အေပီ။**




# ငြိမ်းချမ်းရေးမေတ္တာပေးဝေပါ

စန်းနီလာဝင်း

**(ယမန်နေ့မှ အဆက်)**

ကုလသမဂ္ဂအဖွဲ့ကြီးသည် အဖွဲ့ဝင်နိုင်ငံများ၏ စစ်ရေးပဋိပက္ခ၊ လူမျိုးရေးပဋိပက္ခများကို ငြိမ်းချမ်းမှုရရှိအောင် ဖြေရှင်းဆောင်ရွက်လျက်ရှိသည့်အပြင် အဖွဲ့ဝင်နိုင်ငံများ၏ စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေး၊ ပညာရေး၊ သိပ္ပံဖွံ့ဖြိုးရေးနှင့် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများ၊ ကမ္ဘာ့ဘဏ်လုပ်ငန်းအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဖွံ့ဖြိုးမှုလုပ်ငန်းများ၊ ကမ္ဘာ့စာပို့နှင့် ကြေးနန်းဆက်သွယ်ရေးလုပ်ငန်း၊ ကမ္ဘာ့မိုးလေဝသလုပ်ငန်း၊ ပင်လယ်ရေကြောင်းသွားလာမှုလုံခြုံရေးလုပ်ငန်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်း၊ နိုင်ငံတကာကလေးသူငယ်များ စောင့်ရှောက်ရေးလုပ်ငန်း၊ ဒုက္ခသည်အမျိုးမျိုး ကယ်ဆယ်ရေးလုပ်ငန်း၊ လူ့အခွင့်အရေးလုပ်ငန်းများကို ဖော်ဆောင်ပေးလျက်ရှိသည်။

ကုလသမဂ္ဂ၏လူ့အခွင့်အရေးကြေညာစာတမ်း၌ ဖော်ပြပါရှိသော လူ့အခွင့်အရေးဆိုင်ရာစံနှုန်းတို့မှာ မွန်မြတ်ကောင်းမွန်ပြီး လိုလားစွာလိုက်နာကျင့်သုံးအပ်ပါ၏။ သို့ရာတွင် အဖွဲ့ဝင်နိုင်ငံတိုင်း၌ ကျင့်သုံးလျက်ရှိသော လူ့အခွင့်အရေးခံစားနိုင်မှုများသည် တစ်ပြေးညီရှိနေရမည်ဟူသော တောင်းဆိုချက်များသည် သဘာဝမကျလှပေ။ လူ့အခွင့်အရေးစံနှုန်းများသည် နိုင်ငံများအလိုက် ကွာခြားမှုရှိနေမည်သာဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံတိုင်း၌ "အမျိုးသားရေး" (National Cause)နှင့် "လူ့အခွင့်အရေး" (Human Rights)နှစ်ခုယှဉ်လာလျှင်မည်သည့်နိုင်ငံမဆို "အမျိုးသားရေး"ကိုသာ ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။

စစ်အေးကာလ (Cold War Age) တွင် လက်ဝဲအုပ်စုမဟာအင်အားကြီးနိုင်ငံနှင့် လက်ယာအုပ်စု မဟာအင်အားကြီးနိုင်ငံနှစ်နိုင်ငံတို့သည် "အာဏာချိန်ခွင်လျှာ" (Balance of Power)ညီမျှနေခဲ့သော်လည်း ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုကြီးပြိုကွဲသွားခဲ့ပြီးနောက် ကမ္ဘာ့(၂၁)ရာစုနိဒါန်းကာလသည် မဟာအင်အားကြီးနိုင်ငံကြီးတစ်နိုင်ငံတည်းကသာ "ဗဟိုချက်မတစ်ခုတည်းမှ ကြီးစိုးလွှမ်းမိုးသောကမ္ဘာကြီး" (Unipolar World)အဖြစ်ရပ်တည်လျက်ရှိပေသည်။

သို့သောအခါ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကြီးတွင် အတည်ပြုပြဋ္ဌာန်းထားရှိသော အခြေခံမူ (၇)ရပ်အနက် "ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် အခြားတစ်နိုင်ငံ၏လွတ်လပ်ရေး (Political Independence of any state)ကို ဖြစ်စေ၊ ပိုင်နက်နယ်မြေတည်တံ့မှု (Territorial integrity of any state)ကိုဖြစ်စေ အကြမ်းဖက်တိုက်ခိုက်ခြင်းသော်လည်းကောင်း၊ တိုက်ခိုက်တော့အံ့ဟု ခြိမ်းခြောက်ခြင်းသော်လည်းကောင်း (Threal or use of force)မပြုလုပ်ရ"၊ ထို့ပြင် ကုလသမဂ္ဂအခြေခံမူတို့နှင့် ဆန့်ကျင်သော အခြားမည်သည့်နည်းလမ်းဖြင့်မျှလည်း တိုက်ခိုက်ခြင်း သို့မဟုတ် တိုက်ခိုက်တော့အံ့ဟု ခြိမ်းခြောက်ခြင်းမပြုရဟူသော စတုတ္ထအခြေခံမူကို အင်အားကြီးနိုင်ငံဖြစ်သည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့၏ ဗီတိုအာဏာပိုင်ရှင် (Veto)နိုင်ငံကြီးအချို့က လိုက်နာမှုအားနည်းလာသည်ကိုလည်း တွေ့ရှိလာရသည်။

ထို့ပြင် "တစ်စုံတစ်ခုသော ပြဿနာသည် နိုင်ငံတစ်နိုင်ငံ၏ လုပ်ပိုင်ခွင့်နယ်အတွင်း အကျုံးဝင်သော ပြည်တွင်းရေးပြဿနာသက်သက် (Matters which are essentially within the domestic jurisdiction of a state)ဖြစ်ခဲ့သော် ကုလသမဂ္ဂအနေဖြင့် ပါဝင်စွက်ဖက်ခြင်းမပြုရ၊ စာချုပ်ပါမည်သည့်ပြဋ္ဌာန်းချက်တစ်စုံတစ်ရာကိုမျှအကိုးအကား အကာအကွယ်ယူလျက် အဖွဲ့ကြီးက အဖွဲ့ဝင်တို့၏ပြည်တွင်းရေးတွင် ပါဝင်စွက်ဖက်ခြင်းမပြုရ၊ ပြဿနာတစ်ရပ်သည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးတွင် အကျုံးဝင်ပါက ထိုပြဿနာရပ်ကို ထိုနိုင်ငံက ကုလသမဂ္ဂအဖွဲ့ကြီးသို့တင်ပြဆွေးနွေးရန်လည်း တာဝန်မရှိစေရ" ဟူသော သတ္တမအခြေခံမူကိုလည်း လက်တွေ့နယ်ပယ်၌ လိုက်နာကျင့်သုံးဆောင်ရွက်မှုအားနည်းနေသည်ကို စိတ်မကောင်းစွာမြင်တွေ့နေရသည်။ လက်တွေ့သာဓက တစ်ရပ်အနေဖြင့် လုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင် ဗီတိုအာဏာပိုင်ရှင်အင်အားကြီးနိုင်ငံတစ်နိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ လုံးဝအသိပေးတင်ပြခဲ့ခြင်းအလျဉ်းမရှိဘဲ သူ့သဘောတစ်ခုတည်း သက်သက်နှင့်ပင် အီရတ်နိုင်ငံကို ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ခြင်းမျိုးမှာ လုံးဝမသင့်လျော်သော တရားမျှတမှုကင်းလွတ်နေသော လုပ်ရပ်ဆိုးတစ်ရပ်ပင်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းလုံး ထာဝရငြိမ်းချမ်းရေးရရှိရန် အခြေခံအကျဆုံးသော ကျင့်စဉ်ဖြစ်သော အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်ဟောဖော်ညွှန်းပြတော်မူခဲ့သည့် ဗြဟ္မစိုရ်တရားလေးပါး (ဝါ) ဗြဟ္မဝိဟာရတရားလေးပါး (The Four Subline) ဖြစ်သည့် (၁) မေတ္တာ(Loving Kindness)=အတိုင်းမသိသော သတ္တဝါအားလုံးတို့အား အာရုံပြု၍ မေတ္တာထားရှိခြင်း၊(၂) ကရုဏာ(Compassion)=ဒုက္ခိတသတ္တဝါအားလုံးတို့အား အာရုံပြု၍ သနားကြင်နာခြင်း၊(၃) မုဒိတာ(Altruism)=သတ္တဝါအားလုံးတို့အား အာရုံပြု၍ ဝမ်းမြောက်ခြင်း၊(၄) ဥပေက္ခာ(Equanimity)=သုခိတ၊ ဒုက္ခိတ ဝေနေယျသတ္တဝါအားလုံး အညီအမျှပြု၍ လျစ်လျူရှုခြင်းတို့ကို လက်တွေ့ကျင့်သုံးနိုင်ကြဖို့ အထူးလိုအပ်လှပါသည်။ထို့ကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးအစဉ်ဖြစ်ထွန်းနေရေးအတွက် မင်္ဂလသုတ်ပျို့တွင် "လေးဖြာဗြဟ္မဝိဟာရကို၊ သဗ္ဗသတ္တာ၊ သတ္တဝါအပေါင်း ဒို့သွန်းလောင်း၍၊ လေးကြောင်းဗြဟ္မစိုရ်၊ ပွားစိတ်ခိုလှော့" ဟူ၍ ဗြဟ္မစိုရ်တရားကို လက်ကိုင်ထားကျင့်သုံးကြရန် ရည်ညွှန်းစပ်ဆိုထားသည်ကို တွေ့ရသည်။

လောက၌ ဓမ္မနှင့်အဓမ္မ၊ တရားမျှတမှုနှင့်မတရားမှု (Just and Unjust) တို့သည် အားပြိုင်လျက်ရှိ၏။ သို့ရာတွင် ကံအားလျော်စွာ အဓမ္မက ဓမ္မကို နိုင်နင်းတတ်၏။ နှိပ်စက်ကလူပြု၏။ သို့ရာတွင် နိဂုံးတွင်မူ မတရားပြုလုပ်သူသာ မတရားမှု၏ပြစ်ဒဏ်ကို ခံယူသွားရရှာပြီး ဓမ္မကသာ အဓမ္မကို အောင်ပွဲဆင်နိုင်တော့သည်သာ။

စာရေးသူတို့၏ နိုင်ငံသည် လွတ်လပ်ရေးရခဲ့ချိန်မှစ၍ "လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒ (The independent and active foreign Policy) ကို အစဉ်တစိုက်ကျင့်သုံးလျက်ရှိပြီး "ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးချက်" (The Five Principle of equality and peaceful co-existence) နှင့်အညီ နိုင်ငံတကာဆက်ဆံရေး (Internationl Relation) ကို ကျင့်သုံးလျက်ရှိသည်။

ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အာဆီယံ (ASEAN) နှင့် ဒေသတွင်းအဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာမျက်နှာစာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အခန်းကဏ္ဍကိုမြှင့်တင်နိုင်ရန်အတွက် ကျန်ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်ကုလသမဂ္ဂ၏ထောင်စုနှစ်ရည်မှန်းချက်များ အောင်မြင်ရေးလုပ်ငန်းများတွင် ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံအဖြစ် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည်။ နိုင်ငံတော်၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့်တည်ငြိမ်လုံခြုံမှုကို ထိပါးစေနိုင်သည့် "အကြမ်းဖက်ဝါဒ" (Terrorism)နှင့် ပုံစံအမျိုးမျိုးဖြင့်ဝင်ရောက်လာတတ်သည့် "ကိုလိုနီလက်သစ်နယ်ချဲ့ဝါဒ" (New Colonialism)ကို အမြဲဆန့်ကျင်ကာကွယ်တွန်းလှန်သွားလျက်ရှိသည်။ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့်ချစ်ကြည်ရင်းနှီးစွာ မိတ်ဝတ်မပျက်ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအတွက် အစဉ်တစိုက်ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။

(၁)နိုင်ငံတကာအငြင်းပွားမှုပဋိပက္ခများကို စစ်ရေးနှင့်ဖြေရှင်းရေးနည်းလမ်းကို စွန့်ပစ်ခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းတို့ဖြင့် ဖြေရှင်းဆောင်ရွက်ခြင်း၊

(၂)နိုင်ငံအချင်းချင်းတန်းတူခြင်း၊ အပြန်အလှန်ယုံကြည်နားလည်မှုရှိခြင်း၊ တစ်ဦး၏ အကျိုးကိုတစ်ဦးကကြည့်ခြင်း၊

(၃)နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးရာများကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ကြီးစိုးမှုမပြုခြင်း၊ နိုင်ငံတိုင်း၊ နိုင်ငံသူ နိုင်ငံသားတိုင်း မိမိတို့နိုင်ငံ၏ အခက်အခဲပြဿနာများအားလုံးကို မိမိတို့ကိုယ်တိုင်ဖြေရှင်းနိုင်သော အခွင့်အရေးကို အသိအမှတ်ပြုခြင်း၊

(၄)နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့မှု၊ တိကျစွာလေးစားမှုရှိခြင်း၊

(၅)လုံးဝတန်းတူညီတူရှိမှုနှင့်အပြန်အလှန် အကျိုးဖြစ်ထွန်းမှုတို့ပေါ်တွင် အခြေခံလျက် စီးပွားရေးနှင့်ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုတို့ကို မြှင့်တင်ခြင်းဟူသော ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်နှင့် မြဟ္မစိုရ်တရား(၄)ပါးတို့ကို လက်တွေ့လိုက်နာကျင့်သုံးကြမည်ဆိုပါက ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအရသာ အစစ်အမှန်ကို အားလုံးခံစားကြရမည်ဖြစ်ပါသည်။

ဦးချိုရှိသောသတ္တဝါသည် ဦးချိုကိုအားကိုး၏။ အစွယ်ရှိသောသတ္တဝါသည်လည်း အစွယ်ကိုအားကိုးအားထားပြုတတ်၏။ အဆိပ်ရှိသော သတ္တဝါသည်လည်း အဆိပ်ကိုပင် အားကိုးအားထားပြုတတ်ကြ၏။ သို့သော် အဓမ္မကိုဓမ္မက အနိုင်ယူစမြဲပင်။ အတ္တကိုအနတ္တက အစဉ်အောင်ပွဲခံစမြဲပင်။ ဒေါသ၊ အာဃာတ၊ မာန်မာနနှင့် ရန်သူကို မေတ္တာကသာအောင်နိုင်စမြဲဖြစ်သည်။ သို့ဖြစ်၍ ကမ္ဘာကြီးထာဝရငြိမ်းချမ်းနေရေး၊ ကမ္ဘာသူကမ္ဘာသားအားလုံးနှင့် သတ္တဝါဝေနေယျအားလုံးစိတ်ချမ်းသာကိုယ်ကျန်းမာဘဝဖြင့် အေးချမ်းသာယာစေနိုင်ရေးတို့အတွက် အားလုံးငြိမ်းချမ်းရေးမေတ္တာပေးဝေနိုင်ကြပါစေကြောင်း ဆန္ဒပြုဆုတောင်းလိုက်ပါသည်။ ။

**ဦးချိုရှိသောသတ္တဝါသည် ဦးချိုကိုအားကိုး၏။ အစွယ်ရှိသောသတ္တဝါသည်လည်း အစွယ်ကိုအားကိုးအားထားပြုတတ်၏။ အဆိပ်ရှိသော သတ္တဝါသည်လည်း အဆိပ်ကိုပင် အားကိုးအားထားပြုတတ်ကြ၏။ သို့သော် အဓမ္မကိုဓမ္မက အနိုင်ယူစမြဲပင်။**

ရောင်းမည်
ယုဇနပလာဇာနောက်ဘက်၊ စံပယ်လမ်း
ပေ၄၀' x ၈၀' ဂရံမြေကွက် အဆောက်အဦးပါ
ဖုန်း ၀၉-၉၇၄၂၇၀၀၀၀

တက္ကသိုလ်စိန်တင်၏ စာအုပ်သစ်
ဗမာ့လွတ်လပ်ရေးဗိသုကာ
ဗိုလ်ချုပ်အောင်ဆန်း
(၁၉၁၅-၂၀၁၅)
ဗိုလ်ချုပ်အောင်ဆန်း ရာပြည့်အကြို ဂုဏ်ပြုစာအုပ်
သမိုင်းဝင် ဆေးရောင်စုံဓာတ်ပုံများ စုံလင်စွာဖြင့်...ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝကို အပြည့်စုံဆုံး အတ္ထုပ္ပတ္တိအဖြစ် မော်ကွန်းတင်လိုက်ပါသည်။
အားမာန်သစ်စာပေ → ၀၉-၇၃၀၄၁၀၇၈၊ ၀၁-၃၉၄၆၈၅
ထွက်ပြီ

Pleasant Times
Travels & Tours Co.,Ltd
Release Your stress with Pleasant Times
တောင်ကြီး - မီးပုံးပျံပွဲတော် (Nov:5)
ပုဂံ - ပုပ္ပါး - စွယ်တော်လေးဆူ - ပခုက္ကူ (Nov:5)
မန္တလေး - ပြင်ဦးလွင် - မီးပုံးပျံပွဲတော် (Nov:5)
ငွေဆောင် (Nov:7)
ပြည် - အကောက်တောင်(နေ့ချင်းပြန်) (Oct:25,Nov:1)
သထုံ - မဲလံတောင် - ဇင်းကျိုက်(နေ့ချင်းပြန်) (Oct:25,Nov:1)
အမှတ်(၇၃),အထက်ကြည်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့
Tel: 01-500993, 09-73158702, 09-73072661, 09-420029003

INFO DAY FOR MBA BBA BE PROGRAMMES
စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာမဟာဘွဲ့ (MBA)
Master of Business Administration
(The Open University of Hong Kong, OUHK)
စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာဘွဲ့ (BBA)
Bachelor of Business Administration
(The Open University of Hong Kong, OUHK)
အင်ဂျင်နီယာပညာရပ်ဆိုင်ရာဘွဲ့ (BE)
Bachelor of Engineering
(SeoKyeong University, Seoul-Korea)
STI MYANMAR UNIVERSITY
Speaker: Klaus Ober bauer, Program Consultant
STI Myanmar University မှ တက်ရောက်ပြီး/ဆဲ ကျောင်းသား/သူများနှင့် တိုက်ရိုက်ဆွေးနွေးနိုင်ပါသည်။
DATE : 1st, November 2014
TIME : 2:00 to 4:00 PM
VENUE : STI Myanmar University (MICT)
www.stiedu.net
RSVP
Block -10, MICT Park, University Hlaing Campus.
Tel: 377988, 507151/52, 0931702299, 09250064451

ပြည်တွင်းရေးရာ

# (၁၂) ကြိမ်မြောက် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အစည်းအဝေး ကိုရီးယားသမ္မတနိုင်ငံ ပြုံချမ်းမြို့၌ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

ကိုရီးယားသမ္မတနိုင်ငံ ပြုံချမ်း (Pyeongchang)မြို့၊ Alpensia Convention Centre ၌ အောက်တိုဘာ ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပသည့် (၁၂)ကြိမ်မြောက် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများ၏အဆင့်မြင့်အရာရှိများ အစည်းအဝေးသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သက်သက်ဇင် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အစည်းအဝေးသို့ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံမှ ပတ်ဝန်းကျင်ရေးရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများ၊ အစိုးရကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအစိုးရအချင်းချင်းဖွဲ့စည်းထားသောအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံလူမျိုးစုများ၊ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ပညာရှင်များနှင့် ပုဂ္ဂလိက ကဏ္ဍတို့မှကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

(၁၂) ကြိမ်မြောက် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ အဆင့်မြင့် အရာရှိများအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် ကိုရီးယားသမ္မတနိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနဝန်ကြီး H. E. Mr. Seongkyu Yoon က အဖွင့်မိန့်ခွန်းပြောကြား၍ ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Hongwon Chung၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Mr. Ban Ki-moon ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် စီမံခန့်ခွဲရေးမှူး Ms. Helen Clark၊ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးအထောက်အပံ့ (Global Environment Facility-GEF) အမှုဆောင်အရာရှိချုပ် Ms. Naoko Ishii၊ ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ် ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Mr. Ibrahim Thiaw နှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်း အမှုဆောင်အတွင်းရေးမှူး Mr. braulio Ferreira de Souza Dias တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ဆွေးနွေးပွဲကို ကျင်းပရာ ဂန်ဝုန်း ကြေညာချက် (Gangwon Declaration) အား ဆွေးနွေးခြင်း၊ ၂၀၁၅ ခုနှစ် နောက်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်အား တင်ပြခြင်း၊ ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲ ရှေ့အနာဂတ်အလားအလာ (Global Biodiversity Outlook- GBO 4) နှင့်ပတ်သက်၍ စတုတ္ထအကြိမ် အစီရင်ခံစာ စာအုပ်ထုတ်ဝေမှု မိတ်ဖက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ဆက်စပ်ပတ်သက်သူများ၊ မိတ်ဖက်အဖွဲ့အစည်းများ၏အမြင်များအား ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သက်သက်ဇင်က စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များနှင့် ၂၀၁၅ ခုနှစ် နောက်ပိုင်း အစီအစဉ်များတွင် ဇီဝမျိုးစုံမျိုးကွဲများအား ထည့်သွင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများကို ပါဝင်ဆွေးနွေးခဲ့သည်။

(၁၂)ကြိမ်မြောက် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ညီလာခံတွင် အာဆီယံပတ်ဝန်းကျင်ဝန်ကြီးများမှ ထုတ်ပြန်သည့် ကြေညာချက်ကို အာဆီယံနိုင်ငံများကိုယ်စား ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သက်သက်ဇင်က အာဆီယံပတ်ဝန်းကျင် ဝန်ကြီးများ၏ Statement အား ဖတ်ကြားခဲ့သည်။

အဆိုပါ အာဆီယံပတ်ဝန်းကျင်ဝန်ကြီး များ၏ ကြေညာချက်တွင် ၂၀၁၁-၂၀၂၀ခုနှစ် ဇီဝမျိုးစုံမျိုးကွဲ မဟာဗျူဟာ အစီအစဉ်၊ အာအိချိ ဇီဝမျိုးစုံ မျိုးကွဲရည်မှန်းချက်များ၊ ရရှိလာသောအတွေ့အကြုံ၊ သင်ခန်းစာများအပေါ် ထိရောက်စွာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်း အဖွဲ့ ဝင်နိုင်ငံများအားလုံးအား တိုက်တွန်းမည်ဖြစ်ကြောင်း၊ အခြားနိုင်ငံ အစိုးရအဖွဲ့အစည်းများ၊ အပြည်ပြည် ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၏ အထောက်အပံ့ဖြင့် ဒေသဆိုင်ရာ၊ နယ်စပ်ဖြတ်ကျော် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်း ကနဦးဆောင်ရွက်မှုများအား မြှင့်တင်ဆောင်ရွက်စေမည် ဖြစ်ကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့်ပတ်သက်၍ တောင်ပိုင်းနိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပတ်ဝန်းကျင်နှင့် နည်းပညာ နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု South-South Cooperation အား မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်းတို့ ဖော်ပြပါရှိသည်။

ထို့အတူ အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာနမှ အမှုဆောင်အတွင်းရေးမှူး Atty. Roberto V. Oliva နှင့် တာဝန်ရှိသူများ၊ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်မှ စီမံကိန်းအရာရှိတို့နှင့် တွေ့ဆုံ၍ UNEP-China ရန်ပုံငွေဖြင့် အကောင်အထည်ဖော်မည့် ဇီဝသယံဇာတများအား အသုံးပြုခြင်းနှင့် အကျိုးအမြတ်များအား ခွဲဝေခံစားခြင်းဆိုင်ရာ နာဂိုယာနောက်ဆက်တွဲ စာချုပ်အကောင်အထည်ဖော်မှု စီမံကိန်းဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် Alpensia Convention Centre ရှိ ဇီဝမျိုးစုံမျိုးကွဲနှင့်စပ်လျဉ်းသည့် ပညာပေးပြခန်း၊ ပညာပေးစာအုပ်များကို ကြည့်ရှုလေ့လာခဲ့သည်။

(၁၂)ကြိမ်မြောက် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ညီလာခံကို "စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းစို့" (Biodiversity for Sustainable Development) ခေါင်းစဉ်ဖြင့်ကျင်းပခဲ့ပြီးယခု အစည်းအဝေးတွင် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ ရှေ့အနာဂတ်အလားအလာများ (GBO- 4) နှင့်ပတ်သက်၍ စတုတ္ထအကြိမ် ထုတ်ဝေမှုစတင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူညီချက်၊ ဆုံးဖြတ်ချက်များ အပါအဝင် လုပ်ငန်းစဉ်များ ပြန်လည်ပြင်ဆင်ခြင်း၊ အခြားနိုင်ငံများမှ ဝင်ရောက်လာသော မျိုးစိတ်သစ်များ (Invasive Alien Species- IAS)နှင့် ပတ်သက်၍ ဆုံးဖြတ်ချက် ချမှတ်ခြင်း၊ ၂၀၁၁-၂၀၂၀ ခုနှစ် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာ ရည်မှန်းချက်များ၊ အာအိချိ ရည်မှန်းချက်ဖြစ်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများ အောင်မြင်ရေးအတွက် စီမံကိန်းကာလ သက်တမ်းတစ်ဝက် စိစစ်သုံးသပ်ချက်များအပေါ် ဆောင်ရွက်ရန် လုပ်ငန်းများချမှတ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း ရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အပံ့များ ပံ့ပိုးပေးခြင်း၏ တိုးတက်မှုအခြေအနေများ စိစစ်သုံးသပ်ခြင်းတို့ကို ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်း၊ ဇီဝလုံခြုံမှုဆိုင်ရာ ကာတာဂျီးနား နောက်ဆက်တွဲ စာချုပ်နှင့် ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း၏ မျိုးရိုးဗီဇအရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်းနှင့် ထိုသို့ ထုတ်ယူအသုံးပြုခြင်းမှ ထွက်ပေါ်ရရှိလာမည့် အကျိုးအမြတ်များကို သာတူညီမျှ ခွဲဝေခံစားခြင်းဆိုင်ရာနာဂိုရာ သဘောတူညီချက်တွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အလျောက် ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့် အာအိချိ ဇီဝမျိုးစုံမျိုးကွဲ ရည်မှန်းချက်များကို အခြား ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများနည်းတူ အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

# ပထမအကြိမ် ရောဝတီတိုင်းဒေသကြီးလွှတ်တော် စည်းဝေး

**ပုသိမ် အောက်တိုဘာ ၂၃**

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယမန်နေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုးနှင့် လွှတ်တော်ကိုယ်စားလှယ် ၆၇ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်း၊ ဆွေးနွေးခြင်း၊ ဥပဒေကြမ်းများတင်သွင်းခြင်း၊ အဆိုများ တင်သွင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# မြေငှားဂရန် လျှောက်ထားလိုသူများအတွက် ကြေညာ

**ဂန့်ဂေါ အောက်တိုဘာ ၂၃**

မြေငှားဂရန်လုပ်ငန်း အဆင့်ဆင့်အား ပြည်သူများလွယ်လင့်တကူ သိရှိလေ့လာနိုင်ရန်နှင့် မြေငှားဂရန်လျှောက်ထားလိုသူများအတွက် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့မျက်နှာစာနေရာ၌ ထင်သာမြင်သာ ကြေညာထားသည်။

အဆိုပါ ကြေညာချက်တွင် လျှောက်ထားသူမှ ဆောင်ရွက်ရန်လိုအပ်ချက်များ အမှုတွဲစိစစ်ခြင်း၊ သဘောတရားရယူခြင်းတို့နှင့် မြေငှားဂရန်ထုတ်ပေးခြင်း၊ လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ခြင်းနှင့် လိုအပ်မည့် အချက်အလက်များ ဖော်ပြထားသည်။ ထို့အပြင် ကြေညာချက်ပါ လုပ်ငန်းများအတိုင်း လိုက်နာခြင်းမရှိပါက မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း ၀၆၃-၂၆၆၃၈ သို့ တိုင်ကြားနိုင်ကြောင်း သိရသည်။

**(၄၆၅)**

**စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းစို့**

# မုဒုံမြို့ ကျိုက္ကမော့ကလေးစေတီ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

**မုဒုံ အောက်တိုဘာ ၂၃**

နှစ်စဉ်ကျင်းပမြဲဖြစ်သော မွန်ပြည်နယ် မုဒုံမြို့အရှေ့ဘက်အောင်ညိုတောင်တန်း ကျိုက္ကမော့ကလေးတောင်ပေါ်ရှိ ကျိုက္ကမော့ကလေးစေတီတော်၏ အကြိမ်(၆၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်နှင့် လပြည့်နေ့တို့တွင် ကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ်အဖြစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် (နိုဝင်ဘာ ၅ ရက်) နံနက်ပိုင်းမှ စတင်ကာ စေတီတော်ရင်ပြင်၌ ဆရာတော်သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ မြတ်ဗုဒ္ဓအားရည်မှန်းကာ ရောင်စုံဆီမီးများထွန်းညှိပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့ဝင်များက ဓမ္မဒေသနာတော်ဝတ်ရွတ်စဉ်များကို ရွတ်ဆိုပူဇော်ခြင်းတို့ ဆောင်ရွက်ကြမည်ဖြစ်သည်။

မွန်းလွဲပိုင်းနှင့် ညပိုင်းတို့တွင် တောင်ပေါ်ဧည့်ခံမဏ္ဍပ်၌ ဘုရားဖူးလာပြည်သူများအား သက်သတ်လွတ် စတုဒိသာဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ မွန်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအက၊ ကရင်တိုင်းရင်းသားရိုးရာဒုံးယိမ်း အကတို့ဖြင့်ဖျော်ဖြေပြီး တောင်အောက်မုဒုံ-ချောင်းနှစ်ခွသွား ကားလမ်းဘေးနှင့် မုဒုံလမ်းမကြီးကျွန်းရွာလမ်းဝတို့၌ ပိုက်ကျော်ခြင်း၊ တာဝေး၊ တာနီးအပြေး၊ ဘော်လီဘောပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများကျင်းပပြီး ညပိုင်းတွင် ဇာတ်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

တန်ဆောင်မုန်းလပြည့်(နိုဝင်ဘာ ၆ ရက်)ညနေပိုင်းတွင် ကျွန်းရွာလမ်းဝမင်္ဂလာမဏ္ဍပ်မှ စတင်ကာ ပင့်သံဃာတော်များ၊ သီလရှင်ဆရာကြီး ဆရာလေးများအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ စာရေးတံမဲဖောက်လှူဒါန်းခြင်းတို့ဖြင့် ဗုဒ္ဓပူဇနီယပွဲတော်ကို ဆင်နွှဲကြမည်ဖြစ်ကြောင်း သိရသည်။ **(ကိုချစ်)**

# မိုးရာသီစံကွက်ရိတ်သိမ်း

**နေပြည်တော် အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် အောက်တိုဘာ ၂၂ ရက် ညနေပိုင်းတွင် ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ စိုက်ပျိုးပညာပေးစခန်း၌ ကျင်းပသည့် ၂၀၁၄-၂၀၁၅ မိုးရာသီစံကွက် ရိတ်သိမ်းပွဲ အခမ်းအနား၌ အမှာစကားပြောကြားရာတွင် လယ်ယာစိုက်ပျိုးရာတွင် အဓိက ရည်ရွယ်ချက်မှာ အထွက်နှုန်းကောင်းမွန်ရန်နှင့် အရည်အသွေးကောင်းမွန်ရန်ဖြစ်ကြောင်း၊ အရည်အသွေးရှိပြီး အထွက်နှုန်းကောင်းမွန်သော မျိုးစပါးများကို သုံးရန်လိုအပ်ပါကြောင်း၊ လယ်ကွင်းများကို ညီညီညာညာဖြစ်ပြီး ရေသွင်းရေထုတ်ကောင်းမွန်ရန်နှင့် ကုန်ထုတ်လမ်းများကောင်းမွန်အောင် ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ စပါးရိတ်သိမ်းရာတွင် အလေအလွင့်နည်းပါးစေရန် ရိတ်သိမ်းခြွေလှေ့စက်များ အသုံးပြုသင့်ကြောင်း၊ မိမိတို့တိုင်းဒေသကြီး၌ တောင်သူလယ်သမား အများဆုံးနေထိုင်သဖြင့် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ သွားလာရေး ကောင်းမွန်အောင်ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် အရေးကြီးပါကြောင်း ပြောကြားပြီး ပုလဲသွယ်စပါးမျိုးစံကွက်အား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုနှင့် စိုက်ပျိုးရေးသုံးပစ္စည်း အရောင်းပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**



# ချောင်းကမ်းပါးပြိုမည့်အရေး ကာကွယ်ပေးစေချင်

**ညောင်ဦး အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ရွာသာအေးကျေးရွာ အခြေခံပညာမူလတန်းကျောင်း အနီးရှိ ချောင်းကန်သင်းရိုးကျိုးပေါက်မှုကြောင့် ကမ်းပါးပြိုရာတွင် မူလတန်းကျောင်းမပါသွားစေရန်တာဝန်ရှိသူများက ကြိုတင်ကာကွယ်ပေးစေလိုကြောင်းဒေသခံပြည်သူများလိုလားနေကြသည်။ **ကျော်ဌေး(ညောင်ဦး)**

## ပြည်တွင်းရေးရာ

**❑ ကျောဖုံးမှ**

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဇယား ၁ နှင့် ၂ ကို ပြန်လည်သုံးသပ်ပြီး ပြည်ထောင်စု၏ အနှစ်သာရကို ပေါ်လွင်အောင် ပုံဖော်ပေးရန်လိုအပ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အားလုံးသည် တစ်ဦးနှင့်တစ်ဦး ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဖြစ်ရန်လိုအပ်ပြီး အပြန်အလှန်အမှီသဟဲပြု၍ ယုံကြည်မှုဖြင့် အေးအတူပူအမျှဆိုသည့် စိတ်ထားကို အခြေခံရမည်ဖြစ်ပါကြောင်း။

တစ်ဖက်တွင်လည်း မျှတမှုရှိအောင် အမြဲသုံးသပ်နေရန်လိုအပ်ပြီး Strong Central Government၊ Weak Regional Government သို့မဟုတ် Weak Central Government၊ Strong Regional Government နှစ်ခုစလုံးသည် ရေရှည်ခိုင်မြဲသည့် ပြည်ထောင်စုအသွင်သဏ္ဌာန်ကို ယိုယွင်းစေပါကြောင်း၊ ထို့ကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများကလည်း စွမ်းရည်ရှိသည့် အစိုးရ၊ လွှတ်တော်၊ ဝန်ထမ်းများ၊ လူမှုအဖွဲ့အစည်းများကို တည်ဆောက်ကြရန်လိုအပ်ပါကြောင်း။

ပြည်ထောင်စုအစိုးရကလည်း ဖြေလျှော့ပေးသင့်သည်များကို ဖြေလျှော့ပေးသင့်ပါကြောင်း၊ သို့မှသာ ရေရှည်တည်တံ့ခိုင်မြဲပြီး ငြိမ်းချမ်းသည့် ဒီမိုကရေစီနိုင်ငံတော်ဆီသို့ အရောက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့သော မူများအပေါ် အခြေခံ၍ ဆွေးနွေးပါက လွယ်ကူစွာဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသည် ကျွမ်းကျင်မှုပိုမိုရှိလာပြီဖြစ်သောကြောင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန်နှင့် ဘဏ္ဍာငွေကို ပိုမိုခွဲဝေပေးနိုင်ရန်အတွက် ၎င်းကိစ္စရပ်များနှင့်သက်ဆိုင်သည့် အခြေခံဥပဒေဇယား ၁ နှင့် ၂ ပါအချက်များကို လက်တွေ့အလုပ်လုပ်နေသူများ၏ အခက်အခဲများအပေါ် အခြေခံ၍ ပယ်ဖျက်သင့်သည်များကို ပယ်ဖျက်၊ ပြုပြင်သင့်သည်များကို ပြုပြင်၍ ပြီးပြည့်စုံအောင် ဘက်ပေါင်းစုံမှ အသေးစိတ်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများက ဌာနအလိုက်၊ အဖွဲ့အစည်းအလိုက် လက်ရှိကျင့်သုံးနေသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေ၊ ဥပဒေ၊ နည်းဥပဒေများကြောင့် လုပ်ငန်းခွင်များတွင် အခက်အခဲများကြုံတွေ့နေမှု အခြေအနေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ခုနှစ်၊ ဇယား ၁၊ ၂ တို့နှင့်ပတ်သက်၍ ခေတ်နှင့်အညီပြုပြင်ရန်၊ ပြင်ဆင်ရန် လိုအပ်မှုအခြေအနေများကို အသီးသီးဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့က ပြည်ထောင်စုဝန်ကြီးများ၏ ဆွေးနွေးတင်ပြမှုများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ဒေသန္တရစီမံကိန်းများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဇယား ၁ နှင့် ၂ တို့ကို ခေတ်စနစ်နှင့် ကိုက်ညီစေရန် ပြည့်စုံမှုရှိစေရန် ဘက်ပေါင်းစုံမှ အသေးစိတ်ဆွေးနွေးကြပြီး အမြန်ဆုံးအတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန်နှင့် ပြည်ထောင်စုအစိုးရနှင့်တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် အပြန်အလှန်အမှီသဟဲပြုနေသောကြောင့် အချင်းချင်း ရိုင်းပင်းကူညီပြီး အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန်မှာကြားပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် မိုင်းလားအထူးဒေသ(၄) ဥက္ကဋ္ဌ ဦးစိုင်းလင်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ "ဝ"အထူးဒေသ(၂)မှ ဒုတိယဥက္ကဋ္ဌ ဦးရှောင်မီလျံဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

**❖ လက်ရှိမှ**

ဆက်လက်ပြီး တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့များက ယခုကဲ့သို့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေသော ကာလအတွင်း အချို့မီဒီယာများအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲစေနိုင်သော ရေးသားပြောဆိုမှုများနှင့် ပတ်သက်၍ ဆင်ခြင်စောင့်စည်းထိန်းသိမ်းသင့်ကြောင်းကိုလည်း ၎င်းတို့အနေဖြင့် တိုက်တွန်းအကြံပြုဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ညနေ ၆ နာရီခွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် "ဝ"အထူးဒေသ(၂)ဒုတိယဥက္ကဋ္ဌ ဦးရှောင်မီလျံဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များအား မိုင်းလားအထူးဒေသ(၄) ဥက္ကဋ္ဌ ဦးစိုင်းလင်းက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ရိုးရာအကအဖွဲ့များဖြင့် ဧည့်ခံဖျော်ဖြေခဲ့သည်။

အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့်အဖွဲ့သည် "ဝ" အထူးဒေသ(၂)နှင့် မိုင်းလားအထူးဒေသ(၄)တို့မှ ကိုယ်စားလှယ်များနှင့်အတူ မိုင်းလားမြို့ မြန်မာ-တရုတ်နယ်စပ်ဂိတ်သို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အရှေ့တောင်အာရှဗိုဗီနမ်(ဗန်တို)ပြိုင်ပွဲ အိမ်ရှင်မြန်မာ ရွှေတစ်ခု ထပ်မံဆွတ်ခူး

**နေပြည်တော် အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် တတိယအကြိမ်မြောက် အရှေ့တောင်အာရှ ဗိုဗီနမ်(ဗန်တို) ချန်ပီယံရှစ် ၂၀၁၄ ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ဆက်လက်ကျင်းပရာ အိမ်ရှင်မြန်မာက ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးလေးခု ဆွတ်ခူးခဲ့သည်။

အမျိုးသမီး၊ အမျိုးသားအတွဲ (ခုခံကာကွယ်မှု) စွမ်းရည်ပြပြိုင်ပွဲတွင် ဆုလှဲ့ဖြိုး၊ ခိုင်ဇင်ဝင်း (မြန်မာ)အတွဲက ပထမ၊ ဗီယက်နမ်က ဒုတိယ၊ အင်ဒိုနီးရှားက တတိယ၊ အမျိုးသမီးတစ်ဦးချင်း(ဓားသိုင်း) ဓားမောက်ရှည် အပြပြိုင်ပွဲတွင် ကမ္ဘောဒီးယားက ပထမ၊ ဇာဇာအောင်(မြန်မာ)က ဒုတိယ၊ ဗီယက်နမ်က တတိယ၊ အမျိုးသမီးတစ်ယောက်၊ အမျိုးသားသုံးယောက်တွဲ(ခုခံတိုက်ခိုက်မှု) စွမ်းရည်ပြပြိုင်ပွဲတွင် ဗီယက်နမ်က ပထမ၊ အင်ဒိုနီးရှားက ဒုတိယ၊ ချိုမာလင်း၊ အေးမင်း၊ မျိုးဇော်နှင့် မနားကွီး (မြန်မာ)အတွဲက တတိယ၊ အမျိုးသမီးနှစ်ယောက်တွဲ (ဓားသိုင်းအတိုက်) စွမ်းရည်ပြပြိုင်ပွဲတွင် လာအိုက ပထမ၊ ဗီယက်နမ်က ဒုတိယ၊ အယ်လ်ရှီလာမင်းနိုင်နှင့် မျိုးမျိုးသန့်(မြန်မာ)အတွဲက တတိယ၊ အမျိုးသမီး(၅၄) ကီလိုအတိုက်ပြိုင်ပွဲတွင် ဗီယက်နမ်က ပထမ၊ လာအိုက ဒုတိယ၊ နော်ပေါလော်အဲ(မြန်မာ)နှင့် ကမ္ဘောဒီးယားတို့က ပူးတွဲတတိယ၊ အမျိုးသား (၆၄) ကီလို အတိုက်ပြိုင်ပွဲတွင် ဗီယက်နမ်က ပထမ၊ လာအိုက ဒုတိယ၊ ထွန်းထွန်းအေး (မြန်မာ)နှင့် ကမ္ဘောဒီးယားတို့က ပူးတွဲတတိယ၊ အမျိုးသား(၆၀)ကီလို အတိုက် ပြိုင်ပွဲတွင် ထိုင်းက ပထမ၊ ဗီယက်နမ်က ဒုတိယ၊ လာအိုနှင့် ကမ္ဘောဒီးယားတို့က ပူးတွဲတတိယ အသီးသီး ဆွတ်ခူးခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို အောက်တိုဘာ ၂၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှစတင်၍ ဆက်လက်ကျင်းပမည်ဖြစ်သည်။

သတင်းနှင့် ဓာတ်ပုံ ›› ကိုကိုစိုးညွန့်

# တောင်သူများ ပိုးစိမ်းကောင်နှင့် ကြွက်အန္တရာယ်စိုးရိမ်နေ

**မကွေး အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ဆန်ကန်ကျေးရွာ ဆန်ကန်ကွင်းများ၌ တောင်သူများ၏ မိုးနှောင်းပိုင်း ဆောင်းသီးနှံစိုက်ခင်းများဖြစ်သော ပဲလက်ကောက်၊ ပဲလွမ်း၊ ပဲနောက်စိုက်ခင်းများတွင် သီးနှံဖျက်ပိုးများဖြစ်သော ပိုးစိမ်းကောင်များ၊ ကြွက်များ ကျရောက်လျက်ရှိရာ တောင်သူတစ်ဦးက "ယခုလို မိုးနှောင်းပိုင်း ဆောင်းသီးနှံတွေ စိုက်ပျိုးရာမှာ မိုးအုံ့လိုက်တာနဲ့ ချက်ချင်း ပိုးကဝင်တော့တာ၊ အဲဒါကြောင့် မသိလိုက်တာ။ ကျွန်တော်တို့တောင်သူတွေရဲ့ဘဝက မိုးကိုမျှော်ရ၊ နေကိုမျှော်ရ၊ ပိုးကိုကြောက်ရနဲ့ အဲဒီကြားထဲ ပြည်သူတွေအတွက် အကျိုးပြုနိုင်မယ့် ဆန်စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံကို စိုက်ပျိုးပြီး နိုင်ငံအတွက် တစ်ဖက်တစ်လမ်းကနေ တာဝန်ယူနေတာပါဗျာ"ဟု ပြောကြားသည်။

"ပိုးစိမ်းကောင်တွေက ပဲလွမ်းပင်၊ ပဲလက်ကောက်ပင်၊ ပဲနောက်ပင်တွေရဲ့ အရွက်တွေကို ကိုက်ဖြတ် စားသုံးပြီး ချက်ချင်း အညစ်အကြေးစွန့်တာ အပင်တွေရဲ့အောက်မှာ ခဲခဲတုတ်လို့ပါဗျာ၊ အဲဒီအတွက် အပင်အဖြစ် အန်းနိုင်ပါတယ်။ ကြွက်ကတော့ ကျွန်တော်တို့ ယခုလက်ရှိ အပင်များရဲ့ အသီးတွေကို ကိုက်စားထားတာမှ အပင်တွေအောက်မှာ အခွံတွေချည်းပဲဗျာ၊ ကြွက်တွေက အသီးအပင်တွေရဲ့ ကိုင်းတွေကိုပါ ကိုက်ဖြတ်တတ်တယ်"ဟု ပြောသည်။ **ဇာဇာ(မကွေး)**

# အောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၃**

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့သည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

# အရှေ့တောင်အာရှ ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်အပြီး ဆုရရှိမှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော ၂၀၁၄ ခုနှစ် တတိယအကြိမ်မြောက်အရှေ့တောင်အာရှ ဗိုဗီနမ် ချန်ပီယံရှစ်ပြိုင်ပွဲ၏ ဒုတိယနေ့ ပွဲစဉ်များအပြီး ပြိုင်ပွဲဝင်နိုင်ငံများ၏ ဆုတံဆိပ်ရရှိမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| COUNTRY | GOLD | SILVER | BRONZE | TOTAL |
|---|---|---|---|---|
| VIE | 8 | 7 | 2 | 17 |
| MYA | 4 | 2 | 8 | 14 |
| CAM | 2 | 3 | 6 | 11 |
| LAOS | 1 | 3 | 4 | 8 |
| THA | 1 | 1 | 1 | 3 |
| INDO | 1 | 1 | 2 | 4 |
| TOTAL | 17 | 17 | 22 | 57 |

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

ပြည်တွင်းရေးရာ

# အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးနှင့်စပ်လျဉ်း၍ တတိယအကြိမ်စည်းဝေး

**နေပြည်တော် အောက်တိုဘာ ၂၃**

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပရေးနှင့် စပ်လျဉ်း၍ အာဆီယံထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးကော်မတီ၏ ၂၀၁၄ ခုနှစ် နှစ်ဝက် တတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ ကျင်းပသည်။

အစည်းအဝေး၌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အဖွင့်အမှာစကား ပြောကြားရာတွင် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအသီးသီးက လုပ်ငန်းစဉ်များကို အချိန်မီပြီးစီးစေရန် ဆောင်ရွက်နိုင်ရေး၊ ကျင်းပပြီးခဲ့သော အာဆီယံအစည်းအဝေးများမှ အားသာချက်၊ အားနည်းချက်များကို ရယူ၍ လာမည့်အစည်းအဝေးတွင် လစ်ဟာမှုမရှိအောင်ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ပြောကြားသည်။**(ယာပုံ)**

ယင်းနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အာဆီယံစီးပွားရေးမဏ္ဍိုင်နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပရေးနှင့်စပ်လျဉ်း၍ ဆပ်ကော်မတီအသီးသီး၏ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးဖြစ်မြောက်ရေးလုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်များက ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**






# မြန်မာသံအမတ်ကြီးခန့်အပ်လွှာပေးအပ်ပြီးဖြစ်

**နေပြည်တော် အောက်တိုဘာ ၂၄**

အိုင်ယာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စွာမင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ဒတ်ဘလင်မြို့၌ အိုင်ယာလန်နိုင်ငံ သမ္မတ မစ္စတာ မိုက်ကယ် ဒီ ဟစ်ဂင်(စ်)ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# ပြည်သူတို့၏ အကျိုးစီးပွားကို စေတနာအရင်းခံထားကာ ရေးရှုဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၃**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် အောက်တိုဘာ ၂၁ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်ခန်းမ၌**(ဝဲပုံ)** မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမည့်အစီအမံများအပေါ် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မေးမြန်းကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူတို့၏ အခြေခံအခက်အခဲများကို ကိုယ်ချင်းစာတရားထားရှိပြီး ပြည်သူဗဟိုပြု ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်သူတို့၏ လူမှုဘဝအဆင့်အတန်းများ တိုးတက်မြင့်မားလာပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည် ဖြစ်ကြောင်း။

ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် မည်သည့်နေရာဒေသတွင် တာဝန်ထမ်းဆောင်ရသည်ဖြစ်စေ ပြည်သူတို့၏ အကျိုးစီးပွားကို စေတနာအရင်းခံထားကာ ရှေးရှုဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ပြီး လုပ်ငန်းများကို ကြန့်ကြာမှုမရှိစေဘဲ ဆောင်ရွက်ပေးသွားကြရမည် ဖြစ်ကြောင်း၊ ပြည်သူတို့နှင့်နီးကပ်စွာဆက်ဆံပြီး ပြည်သူတို့၏ ပူးပေါင်းပါဝင်ကူညီမှုများဖြင့် မိမိတို့မြို့နယ်၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအသီးသီးသည် အစိုးရဝန်ထမ်းများနှင့် ဒေသခံမြို့မိမြို့ဖများကို အခြေခံ၍ ဖွဲ့စည်းထားခြင်းဖြစ်ပြီး မိမိဒေသ၏ လိုအပ်ချက်များနှင့် စပ်လျဉ်း၍ အပေါ်ယံလုပ်ဆောင်ခြင်းမျိုး မဖြစ်စေဘဲ လက်တွေ့တိုးတက်လာစေရန် ဟန်ချက်ညီညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏လက်ရှိချမှတ်ကျင့်သုံးလျက်ရှိသော ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးမူဝါဒအရ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များသည် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းကာ ဒေသအကျိုးရှိမှုအပေါ် မူတည်၍ ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေး လုပ်ငန်းအစီအစဉ်များ သတ်မှတ်ထားရန် လိုအပ်ကြောင်း။

နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်မှသာ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်ဇနီးတို့သည် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် သာသနာ့ဗိမာန်တော်တွင် ကျင်းပသည့် စကားဝါဖောင်ဒေးရှင်း တတိယအကြိမ် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြပြီး ကထိန်တော်ကျရောက်သော ရွှေမြင်တင်ဥယျာဉ်ကျောင်းဆရာတော်ထံ ကထိန်လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းကြကာ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ပင့်သံဃာတော်များထံ လှူဖွယ်ဝတ္ထုများဆက်ကပ်ကြသည်။ **(သတင်းစဉ်)**

# ကျောင်းသားကျောင်းသူများအား မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေး

**နေပြည်တော် အောက်တိုဘာ ၂၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် အောက်တိုဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ၌ မြို့နယ် အထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ မိမိတို့ဝန်ကြီးဌာနမှ ပြည်သူများအတွက် အောက်ခြေအဆင့်ထိ ကွင်းဆင်း၍ မိုးပွင့်စီမံချက်များဖြင့် ဝန်ဆောင်မှုပေးခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် မြောင်းမြမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြောင်းမြမြို့နယ်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများက ဒေသခံကျောင်းသားကျောင်းသူများအား မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းထုတ်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား မိုးပွင့်စီမံချက်များဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေမှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးမိသားစုက ကွန်ပျူတာတစ်စုံနှင့် Sky Net ရုပ်သံဖမ်းစက်တစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

**✻အာရှမှ**

ပွဲအပြီးတွင် ဆုပေးပွဲကို ကျင်းပရာ ယူ-၂၀ ကမ္ဘာ့ဖလားဝင်ခွင့်ရ မြန်မာအသင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဖိုလ်လုပွဲတွင် ဆောင်ရွက်ခဲ့သည့် ဒိုင်လူကြီးများ၊ အသန့်ရှင်းဆုံးအသင်းဆုရ မြောက်ကိုရီးယား၊ ဂိုးသွင်းအများဆုံးဆုရ အယ်လ်ဆာဒီ(ကာတာ)၊အကောင်းဆုံးဆုရ မိုအင်(ကာတာ)၊ ဒုတိယဆုရ မြောက်ကိုရီးယားအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ပထမဆုရ ကာတာအသင်းအား တစ်ဦးချင်းဆု တံဆိပ်နှင့် ဆုဖလားတို့ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ အာရှဘောလုံးအဖွဲ့ချုပ် လူငယ်ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။



# စုပေါင်းညီညာလမ်းသာယာ

အဘဖြိုးသည် ကျွန်တော်တို့ဒဂုံမြို့သစ် (မြောက်ပိုင်း) (   )ရပ်ကွက်သို့ ရောက်လာသည်မှာ ရှစ်နှစ်ပြည့်ပါပြီ။ သူနေတဲ့လမ်းကလည်း Taxi မဝင်၊ ဆိုက်ကားမလိုက်၊လမ်းထိပ်မှာဆင်းရ၏။ လမ်းထက်ဝက်မှာ လခြမ်းပုံသဏ္ဍာန်ရှိပြီး မိုးရွာပါက လုံချည်ကိုဒူးအထက်ထိမတင်၍ သွားလာကြရ၏။ ထိုအချိန်က ရပ်ကွက်အတွင်း အရုပ်ဆိုးလှသော လမ်း။

## ပူးပေါင်းပါဝင်လာ

အဘဖြိုးမနေသာပြီ၊ ခဲကျိုးအုတ်ကျိုးတို့ဖြင့် လူသွားလမ်းကောင်းအောင် ဆောင်ရွက်နေ၏။ ထို့နောက် အမာခံ လမ်းဖြစ်အောင် နှစ်ရှည်လများ ကျိုးစားလုပ်ဆောင်လာရာ သုံးနှစ်ကြာမှ လမ်းနှင့်တူလာတော့၏။ လမ်းကိုအဆင့်မကျ၊ တိုးတက်စေရန် အစဉ်မပြတ်လှုပ်ရှားနေ၏။ ပတ်ဝန်းကျင်မှလည်း ပူးပေါင်းပါဝင်လာ၏။ ဦးမာယဟု ချစ်စနိုးခေါ်သံများလည်း ကြားလာရ၏။

လမ်းကို ကွန်ကရစ်ခင်းရန် ဆန္ဒပြင်းပြနေသော အဘသည် နီးစပ်ရာမိတ်ဆွေများအား "ကျွန်တော့်မှာ အိုနာစာ ရန်ပုံငွေလက်ကျန်ရှိပါသေးတယ်။ အသက်ကလည်း (၈၀)နားကပ်နေပြီ၊ ခင်းဖြစ်အောင် ခင်းမယ်" ဟုပြောသည့်အခါ အိမ်ခြေများလည်း တိုးတက်လာပြီဖြစ်သည့်အတွက် လမ်းမိသားစုအစည်းအဝေးခေါ်ရန် လုပ်ငန်းစတင်လိုက်ကြသည်။

ဤတွင် အဘ အစထား၍ ၁၀ သိန်း၊ ငါးသိန်းနှင့် ကျန်သောအိမ်၊ခြံ၊ မြေကွက်တို့မှ သုံးသိန်းစီအလှူငွေပါဝင်ကြရန် ညှိနှိုင်းဆုံးဖြတ်၍ ကျပ်သိန်း ၁၀၀ ကျော်ဖြင့် ကွန်ကရစ်လမ်းဖြစ်အောင် ဆောင်ရွက်ဆဲကာလမှာ အလုပ်သမားများအား အခါမလပ်ဧည့်ခံကျွေးမွေးသော ဒါနကုသိုလ်များကိုပါ ရယူနေကြ၏။ သို့ရာတွင် လမ်းတည်ဆောက်ရေးကားများ မလွဲမရှောင်သာ ဖြတ်သန်းသွားလာရသော ပတ်ဝန်းကျင်လမ်းအချို့မှ တိုင်ကြားသည့်အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ လမ်းသာယာရေးကော်မတီဝင်လူကြီးများ သွားရောက်ခဲ့ကြရပါ၏။ အဘက ရွှေဟသ်ာဆရာတော်ကြီး၏ "အများအကျိုးရွက်သယ်ပိုးက၊ ခနိုးခနဲ့ဆိုကဲ့ရဲ့လည်း မဖဲ့စကောင်း ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့် ယှဉ်၊ ရှေးရှုနှင်လော့"ဟု မကြာခဏရွတ်ပြဖူး၏။

**လေးဝင်း(ကိုယ်စိတ်ကြည်)**

## ကြည်နူးကြ

လမ်းအရှည်ပေ ၅၅၀ ကျော်၊ အကျယ် ၁၃ ပေ၊ ဒု ခုနစ်လက်မခန့် လမ်းဘေးပခုံးသားများဖြင့် တစ်ပြေးညီခင်းထားသည်မှာ ယခုအခါ အကောင်းဆုံးလမ်းအဖြစ် ရပ်တည်လျက်အားလုံးက ကြည်နူးကြ၏။ အဘကလည်း လမ်းအကျိုးဆောင်နေရင်း ထီ ၁၀ သိန်းပေါက်ပြန်သည်။

## စုပေါင်းညီညာ

စည်းလုံးနေသောအရှိန်ဖြင့် လမ်းဖွင့်ပွဲလုပ်ကြပြန်၏။ လမ်းဖွင့်ပွဲဆိုင်းဘုတ် (Vinyl)ကို အဘက "ကိုယ့်အားကိုယ်ကိုး"စာသားနေရာမှာ ကိုယ့်လမ်းထဲက ငွေနဲ့လူနဲ့သာ လုပ်လို့မရဘူး၊ ပတ်ဝန်းကျင်အဆက်အသွယ် ကူညီပံ့ပိုးမှုတွေကလည်း ပါသေးတယ်၊ ဒါကြောင့် "စုပေါင်းညီညာ"ဆိုရင် ပိုပြီးသင့်မယ်လို့ ပြောလိုက်တော့ အားလုံးကလက်ခံကြသည်။

## သာစုသုံးကြိမ်ခေါ်

လမ်းဖွင့်ပွဲအခမ်းအနားမှာ နံနက်စောစောရေခင်း သံအခွေဖွင့်အပြီး ဆရာတော်သံဃာတော် ငါးပါးက လမ်းတစ်လျှောက် ပရိတ်တော်များ ရွတ်ဖတ်၊ လမ်းမိသားစုများက နောက်မှလိုက်ပါလျက် ဆန်၊ ပန်း၊ ပေါက်ပေါက်၊ သပြေခက်နှင့် အမွှေးနံ့သာရည်ပက်ဖျန်းပြီး အရုဏ်ဆွမ်းနှင့် အလှူဝတ္ထုများ ဆက်ကပ်၊ တရားနာ ရေစက်ချ၊ သာစုသုံးကြိမ်ခေါ်ပြီး တစ်ခန်းရပ်ခဲ့သည်။

လမ်းခင်းရာတွင် ပံ့ပိုးကူညီခဲ့ကြသော ဧည့်သည်တော်များ၊ ရပ်မိရပ်ဖများ၊ ပတ်ဝန်းကျင်လမ်းများမှ မိသားစုများ၊ ဖြတ်သွားဖြတ်လာလူကြီးလူငယ်မကျန် မုန့်ဟင်းခါးဖြင့် အလှူပယ်ကျွေးမွေးဧည့်ခံလျက် တစ်ဖက်မှလည်း "စုပေါင်းညီညာ ကွန်ကရစ်လမ်းသာယာ" ဖွင့်ပွဲဆိုင်းဘုတ်ကို ကြည်နူးစွာကြည့်လျက် အားလုံးကို ကျေးဇူးတင်ပါကြောင်း လမ်းသာယာရေးကော်မတီမှ ပွဲသိမ်းနှုတ်ခွန်းဆက်အပြီးမှာ ရွှေမန်းတင်မောင်၏ "အောင်ပါစေ"သီချင်းဖြင့် အခမ်းအနား ရုပ်သိမ်းခဲ့သည်။

အဘတို့ လမ်းသာယာမှတ်တမ်းကို အစအဆုံး သိမြင်နေသော ကျွန်တော်သည်ပင် ဝမ်းသာပီတိ ဂွမ်းဆီထိလျက်. . .။

**မြစ်ကြီးနား အောက်တိုဘာ ၂၃**

## ကချင်ပြည်နယ်ဝန်ကြီးချုပ် အားကစားရုံများအား စစ်ဆေး

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းသည် မြစ်ကြီးနားမြို့၌ အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပမည့် ပြည်နယ်ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီး/ပြည်နယ် ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ၊ ဒေသတွင်းအားကစားပြိုင်ပွဲများ ကျင်းပမည့် အားကစားရုံများကို ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုရာ ဖွင့်ပွဲအခမ်းအနား ကျင်းပမည့် ပြည်နယ်အားကစားကွင်း ပြင်ဆင်ထားမှုနှင့် ကပြဖျော်ဖြေမည့် ကျောင်းသား ကျောင်းသူများ၏ အကလေ့ကျင့်နေမှု၊ ပိုက်ကျော်ခြင်းနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲများ ကျင်းပမည့် မိုးလုံလေလုံအားကစားရုံများနှင့် ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ ကျင်းပမည့် မြို့တော်ခန်းမတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**



## မိုးညှင်းမြို့နယ်၌ မိုးစပါးအောင်မြင်ဖြစ်ထွန်း၍ အထွက်နှုန်းကောင်းနိုင်

**မိုးညှင်း အောက်တိုဘာ ၂၃**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိပြီး လူမှုစီးပွားဘဝ မြင့်မားစေရေးအတွက် မိုးစပါးစိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ လယ်ကွင်းများအရောက် ကွင်းဆင်းကာ တောင်သူများအား စိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးခဲ့မှုကြောင့် မိုးစပါး အောင်မြင်ဖြစ်ထွန်းကာ အထွက်နှုန်း ကောင်းနိုင်ကြောင်း သိရသည်။

"ဒီနှစ်မှာ တောင်သူတွေမျိုးကောင်းမျိုးသန့် ပြောင်းလဲသုံးစွဲပြီး စိုက်နည်းစနစ်မှန်ကန်လာတယ်။ ဒါ့အပြင် ရာသီဥတုကလည်းကောင်းတော့ ယခင်နှစ်ကထက် အထွက်နှုန်းကောင်းမယ်လို့ မျှော်လင့်ပါတယ်" ဟု မိုးညှင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထင်အောင်ဇော်က ပြောကြားသည်။

မိုးညှင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများသည် မိုးစပါးစိုက်ပျိုးချိန်တွင် မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့်မှိုသတ်ဆေးများကို စနစ်တကျ သုံးစွဲရေး၊ စိုက်နည်းစနစ် မှန်ကန်ရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာများလိုက်နာကျင့်သုံးရေးကိုလည်းကောင်း တောင်သူလယ်သမားများအား တွေ့ဆုံပြီး လက်တွေ့ သရုပ်ပြသခြင်း၊ ပညာပေးဆွေးနွေးခြင်းများ စဉ်ဆက်မပြတ်ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"လွှတ်တော်ကလည်း တောင်သူလယ်သမား အကျိုးစီးပွားအတွက် ဥပဒေတွင်ပြဋ္ဌာန်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးနေပါတယ်" ဟု မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးက ပြောကြားသည်။

ယခု ၂၀၁၄-၂၀၁၅ မိုးစပါးစိုက်ပျိုးရာသီတွင် ကချင်ပြည်နယ်၌ စိုက်ဧက ၄၄၂၀၄၆ ဧကရှိသည့်အနက် မိုးညှင်းမြို့နယ်တွင် ဧက ၈၄၅၈၀ စိုက်ပျိုးပြီး ကချင်ပြည်နယ်အတွက် စပါးသီးနှံနှင့်စပ်လျဉ်း၍ အဓိကမှီခိုအားထားနေရသော မြို့နယ်ဖြစ်သည်။ ယခုအခါ ပုလဲသွယ်စပ်မျိုးစပါးများကို စတင်ရိတ်သိမ်းရာ တစ်ဧက ၁၃၅ တင်းထွက်ရှိပြီး ရှင်းဧကရီ-၃စပါးကိုလည်း ဆက်လက်ရိတ်သိမ်းရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကေဆိုင်းနော်(ဖားကန့်)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချောင်းကူးတံတားများ၊ ကျောင်းဆောင်နှင့်တိုက်နယ်ဆေးရုံများရာနှုန်းပြည့်ပြီးစီး

**မုံရွာ အောက်တိုဘာ ၂၃**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးခွင့်ပြုရန်ပုံငွေဖြင့် ချောင်းကူးသံကူကွန်ကရစ်တံတားများ၊ တိုက်နယ်ဆေးရုံနှင့် မူလတန်းကျောင်းဆောင်တို့ကို တည်ဆောက်အကောင်အထည်ဖော်ခဲ့ရာ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသကြီးကြပ်ရေးမှူး ဦးအောင်ထွန်းခိုင်ထံမှသိရသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ၅၉ ဒသမ ၈၄ သန်းဖြင့် ရွှေဘိုခရိုင် ကျောက်မြောင်း-မအူလမ်းပေါ်ရှိ အလျားပေ ၆၀၊ အနံပေ ၂၀ နှင့်အမြင့် ၁၇ ပေရှိ ရွာရင်းချောင်း သံကူကွန်ကရစ်တံတား တည်ဆောက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ အဆိုပါလမ်းအား အဓိကထားအသုံးပြုလျက်ရှိသော မအူရွာနှင့် ဆိပ်သာရွာရှိ အိမ်ခြေ ၂၁၂ လုံး၊ အိမ်ထောင်စု ၂၄၀ မှ လူဦးရေ ၁၀၃၂ ဦး အပြင် ဝန်းကျင်ကျေးရွာခွဲများအတွက် များစွာ အကျိုးပြုလျက်ရှိကြောင်း သိရသည်။

"ရွာရင်းချောင်းကူးတံတားပြီးသွားတဲ့အတွက် ဒေသထွက် ဆန်စပါး၊ ပဲအမျိုးမျိုး၊ နှမ်း၊ ကြံနဲ့ရာသီပေါ်သီးနှံတွေအပြင် လမ်းခင်းကျောက်ကုန်ကြမ်းတွေကို ရွှေဘို၊ ကျောက်မြောင်းနဲ့မန္တလေး၊ စဉ့်ကူးမြို့တို့အထိ ရာသီမရွေးအခက်အခဲမရှိ တင်ပို့နိုင်ပြီ"ဟု ဒေသခံတစ်ဦးက ပြောသည်။

ထိုနည်းတူ တမူးခရိုင်၊ တမူးမြို့၊ ခမ်းပတ်မြို့၊ မြို့သစ်မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ ချောင်းကူး၊ မြောင်းကူး၊ သစ်သားတံတားများနေရာတွင် သံကူကွန်ကရစ်တံတားများ တည်ဆောက်ခြင်းကိုဆောင်ရွက်ခဲ့ရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နယ်စပ်ဒေသဖွံ့ဖြိုးရေးခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၂၀ ဖြင့် မြို့မရပ်ကွက်(၁၀) ကျွန်းရွှေဝါတံတားကို အရှည် ၂၃ ပေ တံတား တည်ဆောက်ပေးခဲ့သလို ခွင့်ပြုရန်ပုံငွေ ၇ ဒသမ ၈သန်းဖြင့် စော်ဘွားအင်းရပ်ကွက် ပြည်တော်သာ တံတားကိုလည်း တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါဒေသတွင် မိုးများ၍ ချောင်းရေကြီးလျှင် ယခင်က သစ်သားတံတားများ မျောပါသွားလေ့ရှိခြင်းကြောင့် နှစ်နှစ်တစ်ကြိမ်ပြုပြင်ပေးခဲ့ရာမှ ယခုအခါ သံကူကွန်ကရစ်တံတားများ တည်ဆောက်ပြီးဖြစ်၍ ဒေသခံများနှင့်ခရီးသွားများ သွားလာမှုအဆင်ပြေနေပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကသာခရိုင် ပင်လည်ဘူးမြို့နယ် မံစီလေးကျေးရွာတွင် (၁၆) ခုတင်ဆံ့တိုက်နယ်ဆေးရုံကို တည်ဆောက်ပေးပြီးဖြစ်ရာ ဝန်းကျင်ကျေးရွာ ၅၃ ရွာမှ ဒေသခံများ၏ ကျန်းမာရေးကို များစွာအထောက်အကူပြုနိုင်တော့မည်ဖြစ်သကဲ့သို့ ကသာခရိုင် ဗန်းမော်မြို့နယ်အတွင်းရှိ ကန်တော်အခြေခံပညာမူလတန်းကျောင်းအတွင်း၌လည်း ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပြီးဖြစ်ကြောင်း သိရသည်။ အဆိုပါကျောင်းဆောင်သည် အလျားပေ ၆၀၊ အနံ ၃၀ နှင့် အမြင့် ၁၂ ပေရှိပြီး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၆ ဒသမ ၂ သန်း၊ ဒေသထည့်ဝင်ငွေ ကျပ် ၁၅၄ သိန်းတို့ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မျိုးဝင်းထွန်း-မုံရွာ)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၄-၁၀-၂၀၁၄ (သောကြာနေ့)

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်၊ အာဠာနာဋိယသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၄၀ | "လောကသားတို့အတွက် မြတ်ဗုဒ္ဓ၏ကြိုးပမ်းချက်" (အပိုင်း-၃၄) တရားတော်[ပါမောက္ခချုပ် ဆရာတော်ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ] |
| ၇း၅၀ | စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့မှဝါတွင်းကာလ အလှူဒါနပွဲ |
| ၉း၄၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ |
| ၁၀း၄၅ | အနုပညာမိုးကောင်းကင် |
| ၁၁း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာနန်းတော်" (အပိုင်း-၉၈) |
| ၁၂း၃၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၁၂း၄၀ | Day Care Center For the Aged |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ" (အပိုင်း-၃၁) |
| ၇း၁၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ The Sign Of Love (အချစ်သင်္ကေတ) (Book 2) (အပိုင်း-၃၀) |
| ၂း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နူးညံ့သော ပျော်ရွှင်မှု" (အပိုင်း-၁၁၀) |
| ၃း၃၀ | Movie Talk [ရိုက်ကွင်းပေါ်က ရှင်ဘုရင်များ (အပိုင်း-၁၉) (အေဝမ်းတင်မောင်-၁၇)] |
| ၄း၄၅ | မြန်မာ့ရွှေချည်ထိုးလုပ်ငန်း |

# ၁၉ ရာစုနှောင်းပိုင်းမှပုံရိပ်အချို့ (သို့မဟုတ်) သုဓမ္မာရာမကျောင်းတော်ကြီး

**ပိန်းဇလုပ် အောက်တိုဘာ ၂၃**

၁၉ ရာစုကုန်ဆုံး၍ ၂၀ ရာစုနှစ်များသို့ဝင်ရောက်လာချိန် အင်္ဂလိပ်ကိုလိုနီခေတ် မြန်မာမြေပိုင်ရှင်သူဌေးကြီးတစ်ဦး လှူဒါန်းတည်ဆောက်ခဲ့သည့် နှစ်ပေါင်း ၁၀၅ နှစ်သက်တမ်းရှိ ကျောင်းတော်ကြီးနှင့် မြန်မာမှုအနုလက်ရာများကို ယနေ့တိုင် မပျက်မစီးထိန်းသိမ်းထားသည်ကို ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့၌ မြင်တွေ့နိုင်သည်။

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ရှိ သုဓမ္မာရာမပရိယတ္တိကျောင်းတော်ကြီးကို ပိန်းဇလုပ်မြို့ မြေပိုင်ရှင်သူဌေးကြီး ဦးမြတ်ထွန်းအောင် (TPS)နှင့် ဇနီးသူဌေးမကြီး ဒေါ်လှပေါ်တို့က ၁၂၆၆ ခုနှစ်တွင် စတင် အခြေပြု၍ ၁၂၇၁ ခုနှစ်တွင် ပထမကျောင်းထိုင်ဆရာတော် ဦးဇာဂရအား အပ်နှင်းလှူဒါန်းခဲ့သည်။ ပထမဆရာတော် ဦးဇာဂရ (၂၅ ဝါကျော်)နှင့် ဒုတိယဆရာတော် ဦးအဂ္ဂမေ့(၂၅ ဝါကျော်)တို့ သီတင်းသုံးခဲ့ပြီး တတိယဆရာတော် ဘဒ္ဒန္တဉတ္တမသာရက ကျောင်းတော်ကြီးကို ယနေ့တိုင် ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။

ကိုလိုနီခေတ် အခြေအနေအရ တရုတ်ဗိသုကာပညာရှင်များ၊ အိန္ဒိယဗိသုကာပညာရှင်များနှင့် မြန်မာပညာရှင်များကို ခေါ်ယူတည်ဆောက်ခဲ့သဖြင့် ကိုလိုနီခေတ် အဆောက်အအုံပုံစံများ၏ပုံရိပ်များ ရောထွေးယှက်တင် ဖြစ်တည်လျက်ရှိသော်လည်း မြန်မာ့ကျွန်းသစ်များ၏ ကြီးမားခံ့ညားလှပပုံ၊ တာရှည်ခံပုံများကို ကျောင်းတော်ကြီးတွင်အသုံးပြုထားသော (၁၀×၁၀)လက်မအရွယ် အဆက်မရှိ စင်းလုံးချောကျွန်းတိုင်ကြီးများ၊ (၁၀×၃)လက်မအရွယ် ရက်မတန်းကြီးများနှင့် သံချက်ရာမမြင်ရဘဲ စေ့စပ်သေချာလှပစွာတည်ဆောက်ထားသော မြန်မာ့ကျွန်းသစ်နှင့် လက်သမားဗိသုကာပညာရပ်များ ပေါင်းစပ်ဖွဲ့တည်မှုကို အံ့မခန်းတွေ့နိုင်ပေသည်။

မြန်မာ့ဗိသုကာပညာနှင့် မြန်မာမှုမြန်မာ့ဟန်တို့ ရာနှုန်းပြည့်ပေါင်းစပ်တည်ဆောက်ခြယ်မှုန်းထားသော သက်တမ်းနှစ် ၁၀၀ ကျော် သိမ်တော်ကြီးမှာ ဘုံခုနစ်ဆင့်ပါ ပြာသာဒ်နှင့် ပန်းတဉ်းပညာ၏ အံ့မခန်းလှပသော အနုပညာပန်းကနုတ်လက်ရာများနှင့် တွဲဖက်တွေ့မြင်နိုင်ပေသည်။ ထို့ပြင် သက်တမ်းနှစ်၁၀၀ ကျော်ရှိ မြတ်စွာဘုရားရုပ်ပွားတော်၊ ကျောင်းဆောင်နှင့် ပလ္လင်တော်တို့မှာလည်း နွဲ့နှောင်း၊ အနုစိတ်လွန်းသော လေးထပ်ကနုတ်ပန်းများ၊ နိပါတ်တော်လာ ဇာတ်ကွက်များနှင့် ကနုတ် နရီ ကပိ ကဇာ ဟု မြန်မာမှုခြယ်မှုန်းဟန်အားလုံးပါဝင်အောင် ကြီးမားထုထဲလှသော ကျွန်းသားအနှစ်များထွင်းထု၍ ရွှေပိန်းချပူဇော်ထားသည်ကိုလည်း လေ့လာမြတ်နိုးကြည်ညိုနိုင်လေသည်။

၂၀ ရာစုအဝင် ကိုလိုနီခေတ်က အသုံးပြုသော ပရိဘောဂများ၊ ရှေးဟောင်းကျမ်းဂန် ပုရပိုက်များ၊ မြောက်မြားစွာသော မြန်မာမှုအနုလက်ရာများ စုစည်းတည်ရှိသော ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ သုဓမ္မာရာမ ပရိယတ္တိကျောင်းတော်ကြီးကို ဆရာတော်အဆက်ဆက်မှသည် ယနေ့တတိယကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဉတ္တမသာရ လက်ထက်ထိတိုင်အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော်လည်း ကျောင်းတော်ကြီးနှင့် ရှေးခေတ် အသုံးအဆောင်များ၊ မြန်မာမှုလက်ရာများမှာ နှစ်ပရိစ္ဆေဒကြာမြင့်လာသည်နှင့်အမျှ ပျက်စီးယိုယွင်းမှုများ ရှိလာသည်ဖြစ်ရာ အလှူရှင်အချို့နှင့် ကျောင်းတိုက်ဆရာတော်တို့က တတ်စွမ်းသမျှ မွမ်းမံပြုပြင်ထိန်းသိမ်းလျက်ရှိနေသော်လည်း အစဉ်မပြတ်ရေရှည်တည်တံ့အောင်ထိန်းသိမ်းနိုင်ရေးအတွက်မှာမူ သက်ဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်များ၏ တစ်တပ်တစ်အား ဝိုင်းဝန်းကူညီအားဖြည့်မှုများ လိုအပ်ပါကြောင်း မြန်မာမှုလက်ရာချစ်မြတ်နိုးသူ တစ်ယောက်အနေဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

**[သတင်း-နိုင်လင်းကြည်၊ ဓာတ်ပုံ-ဇာဏီလင်း]**



# အမျိုးသားပညာရေးဥပဒေပါပြဋ္ဌာန်းချက်များ မြို့နယ်အဆင့် ရှင်းလင်းဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၂၃**

ပြည်ထောင်စု လွှတ်တော်မှ သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည့် အမျိုးသားပညာရေးဥပဒေပါပြဋ္ဌာန်းချက်များကို ပြည်သူများလေ့လာသုံးသပ်နိုင်ရေးနှင့်သိရှိလိုက်နာစေရေးရည်ရွယ်ပြုလုပ်ခဲ့သည့် အမျိုးသားပညာရေးဥပဒေပါပညာရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးမှုတစ်ရပ်ကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက အထက-၂ ပုဇွန်တောင်၌ ကျင်းပသည်။

အမျိုးသား ပညာရေးဥပဒေပါပြဋ္ဌာန်းထားချက်များ မြို့နယ်အဆင့် ရှင်းလင်းဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဦးက အမှာစကားပြောကြားပြီး ပုဇွန်တောင်မြို့နယ်ပညာရေးမှူး ဦးကျော်တင့်က အမျိုးသားပညာရေး ဥပဒေပါပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အထက-၁ ပုဇွန်တောင်ကျောင်းအုပ်ကြီး ဦးစိုးစိုးဦးက ကျောင်းသား ကျောင်းသူများ ပညာအရည်အသွေး မြှင့်တင်ရေးဆိုင်ရာမိဘ၊ ဆရာပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

အမျိုးသားပညာရေးဥပဒေဆိုင်ရာ ဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပုဇွန်တောင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ **(အောင်ကျော်ဦး)**



**အောက်တိုဘာ ၂၂ ရက်နံနက်ပိုင်းက အမြန်လမ်းမိုင်တိုင် (၃၃၇) တွင် လိုက်ထရပ်ယာဉ်တစ်စီး ကိုယ်ထည်ပိုင်းနှင့် ခေါင်မိုးပေါ်တွင် ခရီးသည်များအပြည့်တင်ဆောင်၍ မန္တလေးမှ နေပြည်တော်သို့ မောင်းနှင်သွားလာနေသည်ကို တွေ့ရစဉ်။** ဒီစီအီး(မန္တလေး)

# အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ (၂၅-၁၀-၂၀၁၄)ရက်တွင် ဒဂုံ(အရှေ့)၊ တာမွေ၊ သဃ်န်းကျွန်း၊ ရန်ကင်း၊ မင်္ဂလာတောင်ညွန့်၊ ဒဂုံ(ဆိပ်ကမ်း)၊ ဗိုလ်တထောင်၊ သာကေတ၊ ဒေါပုံ၊ တောင်ဥက္ကလာပ၊ ဒဂုံ(မြောက်)၊ ကျောက်တံတား၊ လမ်းမတော်၊ အလုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ဗဟန်း၊ လှိုင်၊ မရမ်းကုန်း၊ ဒဂုံ၊ သုံးခွ၊ ခရမ်း၊ တံတား၊ သန်လျင်၊ ကျောက်တန်း၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ ဆိပ်ကြီးခနောင်တို၊ အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ဖောင်ကြီးမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ဝ၉း၀၀ နာရီမှ ၁၂း၀၀ နာရီအတွင်းလည်းကောင်း၊ ၁၂း၀၀ နာရီမှ ၁၄း၀၀ နာရီအတွင်းလည်းကောင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၃။ (၂၆-၁၀-၂၀၁၄)ရက်တွင် ရွှေပေါက်ကံ၊ ဒဂုံ(အရှေ့)၊ ဒဂုံ(တောင်)၊ သာကေတ၊ ဒေါပုံ၊ တောင်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ ဒဂုံ(ဆိပ်ကမ်း)၊ ပုဇွန်တောင်၊ လမ်းမတော်၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ဗဟန်း၊ လှိုင်၊ မရမ်းကုန်း၊ သန်လျင်၊ အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ အဖျောက်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့်စက်မှုဇုန်အချို့တွင် ဝ၉း၀၀ နာရီမှ ၁၂း၀၀ နာရီအတွင်းလည်းကောင်း၊ ၁၂း၀၀ နာရီမှ ၁၃း၀၀ နာရီအတွင်းလည်းကောင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**


## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကန္တာအေးစေတီလမ်း၊ ပုလဲကွန်ဒို၊ ဘလောက်စီ၊ အမှတ်(၉၀၆) တွင် တည်ရှိသော EASY LIVE SERVICE COMPANY LIMITED မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များအား မိမိကုမ္ပဏီမှုပိုင်အဖြစ် စာချုပ်အမှတ် (၁၅၀၇၄/၂၀၁၄) နှင့် (၁၅၀၇၅ /၂၀၁၄) တို့အား (၁၅.၁၀.၂၀၁၄) နေ့တွင် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

Ginwave
မှတ်ပုံတင်အမှတ်- ၄ /၁၅၀၇၄

wave
မှတ်ပုံတင်အမှတ်- ၄ /၁၅၀၇၅

အထက်တွင်ကပ်နှိပ်ဖော်ပြထားသော Ginwave နှင့် wave ကုန်အမှတ်တံဆိပ်အမှတ်အသားများကို အသုံးပြု၍ အထက်ပါကုမ္ပဏီသည် Video phone , Mobile Telephone, Walkie – Talkies , Hand- help Wireless Telephone, Tablet, Computer, Bluetooth, memory card, Battery, DC (direct current) power supply နှင့် ဆက်စပ်သော ပစ္စည်းများကို ထုတ်လုပ်ပြီး မြန်မာနိုင်ငံတစ်ပန်းတွင် ဖြန့်ချိရောင်းချ သွားမည် ဖြစ်ပါသည်။

သို့ပါ၍ ယင်းတံဆိပ်နှင့်ပတ်သက်၍ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားပြုလုပ်၍ ထုတ်လုပ်ခြင်း၊ဖြန့်ဖြူးခြင်း၊လက်ဝယ်ထားခြင်းများမပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ကုမ္ပဏီမန်နေဂျာ ဦးမျိုးသီဟထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစန်းလွင် (B.A, H.G.P, R.L.)
စဉ် (၂၇၁၇)
တရားလွှတ်တော်ရှေ့နေ နှင့် ဥပဒေ အတိုင်ပင်ခံ

ဒေါ်အေးအေးလှ (L.L.B.)
စဉ်(၃၅၉၇၉)
အထက်တန်းရှေ့နေ

အမှတ်(၅၀)၊အခန်း(C-10)၊ပထမထပ်၊ဘဂ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၂၅၀၄၃၂၉၅၊ ၀၉၃၃၄၉၇၃၆၇၊ ၀၉၅၁၁၁၀၅၁။


# ကျွန်းလှမြို့နယ်ရှိ ကျေးရွာများ၌ Sky Net ရုပ်သံဖမ်းစက်များ တပ်ဆင်

**ကျွန်းလှ အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် Sky Net ရုပ်သံဖမ်းစက်များကို ကျေးရွာစာကြည့်တိုက်များတွင် တပ်ဆင်ခဲ့သည်။

Sky Net ရုပ်သံဖမ်းစက်ကို ကုက္ကိုကုန်းကျေးရွာ ဗုဒ္ဓစာပန်းချီစာကြည့်တိုက်တွင် တပ်ဆင်ပြီးပြီဖြစ်ကြောင်း၊ TV ကိုလည်း စာကြည့်တိုက်ကော်မတီများက လှူဒါန်းကြောင်း၊ Sky Net ရုပ်သံလိုင်းများကို ကိုယ်စားလှယ်မှ တစ်နှစ်စာ အခမဲ့ဖွင့်ပေးကြောင်း၊ ယခင်ကကျေးရွာတွင်းအိမ်များမှ Sky Net ၁၂ လုံး တပ်ဆင်ထားသော်လည်း ရွာလယ်စာကြည့်တိုက်တွင် လာရောက်ကြည့်ရှုသူများအား ည ၉ နာရီအထိ ဖွင့်လှစ်ပေးကြောင်း ကျေးရွာစာကြည့်တိုက်ကော်မတီအတွင်းရေးမှူး ဦးစိုးဝင်းက ပြောသည်။

"ကျွန်မတို့ ကျေးရွာစာကြည့်တိုက်မှာ Sky Net တပ်ဆင်ထားပါတယ်။ ရွာမှာအိမ်ခြေ ၁၀၅လုံးရှိပြီး လူဦးရေ ၅၀၀ ကျော်နေထိုင်ကြပါတယ်။ ၂၄ နာရီ လျှပ်စစ်မီးရရှိတော့ အချိန်ပြည့်ကြည့်ရှုရပါတယ်။ Sky Net ရုပ်သံလိုင်းမှ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်းနှင့် အားကစားကဏ္ဍတို့ကိုကြည့်ရှုရတဲ့အတွက် ရွာသူ ရွာသားများ အသိပညာဗဟုသုတ ရရှိပါတယ်"ဟု ကုက္ကိုကုန်းကျေးရွာနေ မမိုးမိုးအောင်က ပြောသည်။

**(မျိုးဝင်းညို-ကျွန်းလှ)**

စာအုပ်စာပေ လူ့မိတ်ဆွေ

# မူဆယ်၌ တစ်သောင်းတန်ငွေစက္ကူအတုများ သိမ်းဆည်းရမိ



**မူဆယ် အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ အောက်တိုဘာ ၂ ရက်တွင် မူဆယ်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ် ဆန်းဝင်းနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ် စွမ်စော်ရပ်ကွက် ဆုံဆည်းရာတည်းခိုခန်းအနီးရှိ ဆံသဆိုင်ရှေ့တွင် မောင်ဝမ်ယုကွမ်း (၁၆)နှစ် စွမ်စော်ရပ်ကွက် မူဆယ်မြို့၊ မောင်ကျောင်ယုံဟု (၁၈)နှစ် ခိုဝိန်ရပ် မူဆယ်မြို့၊ မောင်ယိယွင်စန်း(၁၆)နှစ် ခိုဝိန်ရပ် မူဆယ်မြို့နေသူ သုံးဦးအား မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးရှာဖွေခဲ့ရာ မြန်မာငွေစက္ကူကျပ် ၁၀၀၀၀ တန်အတုဟု ထင်ရသော ငွေစက္ကူခုနစ်ရွက် တွေ့ရှိခဲ့သည်။ ဆက်လက်စုံစမ်းရာ ကောင်းမှုတုံရပ်ကွက် ဆင်ဖြူဈေး စိန်ရွှေအမိန့်ရအပေါင်ဆိုင်တွင် (Kenbo-125)ဆိုင်ကယ်အား ၎င်းတို့ သွားရောက်ပေါင်နှံစဉ် ဆိုင်ပိတ်သွားခဲ့၍ အမျိုးသားတစ်ဦးက ငွေကျပ် ၁၅၀၀၀၀ ဖြင့် ဝယ်ယူသဖြင့် ရောင်းချခဲ့ရာ ၎င်းတို့ထံမှ သိမ်းဆည်းမိသော ၁၀၀၀၀ တန် ငွေစက္ကူများ ပါလာခဲ့သည်ဟုဆိုသည်။

အောက်တိုဘာ ၂၁ ရက် မွန်းလွဲပိုင်းတွင် လူငယ်သုံးဦးထံမှ ဆိုင်ကယ်ဝယ်သူ ကောင်းမှုတုံရပ်ကွက် ဆင်ဖြူဈေးဝန်းနေ ထွန်းထွန်းဦး(ခ) အိုက်ထွန်း(၃၆)နှစ်အား နေအိမ်တွင် ဖမ်းဆီးမိခဲ့သည်။ ၎င်း၏ထွက်ဆိုချက်အရ ငွေစက္ကူအတုများအား (၁၀၅)မိုင် မိုင်းယုရွာနေ ဝင်းနိုင်ထံမှ ရရှိခဲ့ကြောင်း၊ အောက်တိုဘာ ၁၈ ရက်တွင် မိမိအိမ်သို့ရောက်ရှိလာပြီး ၁၀၀၀၀ တန်ငွေစက္ကူအတု အရွက် ၂၀ ပေးခဲ့ကြောင်း၊ တစ်ရွက်လျှင် မြန်မာငွေကျပ် ၈၀၀၀ ကျပ်နှုန်းပေးချေရန် ပြောဆိုခဲ့ကြောင်းနှင့် ယင်းငွေများဖြင့် လူငယ်သုံးဦးထံမှ ဆိုင်ကယ်ဝယ်ယူခဲ့ကြောင်း သိရသောကြောင့် ဒုရဲမှူးဇော်လင်းနှင့် ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် (၁၀၅)မိုင် မိုင်းယုရွာနေ ငွေစက္ကူအတုဖြန့်ဝေသူ ဝင်းနိုင်(၄၈)နှစ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဝင်းနိုင် ဝတ်ဆင်ထားသည့် ဘောင်းဘီအိတ် အတွင်းမှ ၁၀၀၀၀ တန်မြန်မာငွေ စက္ကူအတု သုံးရွက်၊ နေအိမ်နောက် ဘက် ပန်းခုံအောက်တွင် ပလတ် စတစ်အိတ်ထုတ်ဖြင့် မြန်မာငွေစက္ကူ ၁၀၀၀၀ တန် အရွက် ၁၀၀ ပါ ၁၀ အုပ် စုစုပေါင်း ၁၀၀၀၀ တန် ၈၀၃ ရွက်အား သိမ်းဆည်းနိုင်ခဲ့သည်။

ဝင်းနိုင်၏ ထွက်ဆိုချက်အရ တရုတ်နိုင်ငံ ဝမ်တိန်မြို့ရှိ ဝမ်ချန်းဆိုသူထံမှ ရရှိကြောင်း၊ သစ်သီးပွဲရုံလုပ်ငန်းလုပ်ကိုင်ရန် ငွေလိုသဖြင့် ဝမ်ချန်းက အောက်တိုဘာ ၁၃ ရက်တွင် ၁၀၀၀၀ တန်မြန်မာငွေစက္ကူ ၁၀၀ ပါ ၁၀ အုပ်၊ ငွေကျပ်သိန်း ၁၀၀ ထုတ်ပေးခဲ့ကြောင်း၊ သုံးရွက်အပိုတွေ့၍ လက်ဝယ်ထားရှိခဲ့ကြောင်းနှင့် ထိုအထဲမှ ထွန်းထွန်းဦးအား ငွေစက္ကူအတု ၁၀၀ ရွက်ပါ နှစ်အုပ်ပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တရုတ်နိုင်ငံ ရွှေလီမြို့ မှုခင်းရဲတပ်ဖွဲ့နှင့် ဆက်သွယ်၍ ဝမ်တိန်မြို့နေ ဝမ်ချန်းအား ဖမ်းဆီးရမိရေး ညှိနှိုင်းဆောင်ရွက်မှုဖြင့် ဝမ်ချန်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့ရာ တီဗွီစင်အံဆွဲအတွင်းမှ ၁၀၀၀၀ တန် နှစ်အုပ်တွေ့ရှိခဲ့သည်။ ဝမ်ချန်း၏ ထွက်ဆိုချက်အရ တရုတ်နိုင်ငံ ချန်ရှီးပြည်နယ်နေ ရှီဟုန်ရွှေ့ထံမှ ရရှိခဲ့ကြောင်း သိရှိရပြီး ရွှေလီရဲတပ်ဖွဲ့မှ ဖမ်းဆီးစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းနှင့် မြန်မာငွေစက္ကူအတုများအား လက်ဝယ်ထားရှိသုံးစွဲသူ၊ တစ်ဖက်နိုင်ငံမှ ငွေစက္ကူအတုများအား ပြည်တွင်းသို့ သယ်ဆောင်ဖြန့်ဖြူးသူ ထွန်းထွန်းဦး(ခ)ထွန်းထွန်း(ခ) အိုက်ထွန်း(ခ) အိုက်အုန်းနှင့် ဝင်းနိုင်တို့အား မြို့မစခန်း မူဆယ်(ပ) ၂၈၅/၂၀၁၄၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၁၀၅/၁၀၆ ဖြင့် အမှုဖွင့်ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၎င်းဖြစ်စဉ်တွင် ဖမ်းဆီးရရှိသည့် တစ်သောင်းတန် အရေအတွက်မှာ စုစုပေါင်း ၈၂၀ ရွက် ဖြစ်ကြောင်း သိရသည်။

**သိန်းဇော် (ရွှေလီဦး)**

# လမ်းမတော်မြို့နယ် (၁၃)လမ်း (အောက်လမ်း) ကာတွန်းဦးဘဂျမ်းလမ်း ကာတွန်းပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များဖိတ်ခေါ်

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်(၁၃)လမ်း(အောက်လမ်း) ကာတွန်းဦးဘဂျမ်းလမ်းတွင် (၇၁)ကြိမ်မြောက် တန်ဆောင်တိုင်ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ကာတွန်းပြိုင်ပွဲကို နိုဝင်ဘာ ၄ ရက်မှ ၇ ရက်အထိ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ကာတွန်းပြိုင်ပွဲကို "ကောင်းမွေ၊ ဆိုးမွေ"ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ရွေးချယ်ခံရပါက ကာတွန်း ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်းငါးသောင်း၊ တတိယဆု ကျပ် နှစ်သိန်း၊ စတုတ္ထဆု ကျပ်တစ်သိန်း ငါးသောင်း၊ ပဉ္စမဆု ကျပ်တစ်သိန်း ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲအတွက် ရေးဆွဲရမည့် စက္ကူအရွယ်အစားမှာ ၁၀ လက်မ× ၁၅ လက်မ ဖြစ်ပြီး ကြိုက်နှစ်သက်ရာ Median (ခဲ၊ ရေဆေး၊ ဆီဆေး) (အဖြူ အမည်း) (ဆေးရောင်စုံ) စသည်ဖြင့် ရေးဆွဲနိုင်သည်။ ပြိုင်ပွဲဝင်ကာတွန်းများသည် မူရင်းရေးဆွဲသည့် လက်ရာများဖြစ်ပြီး ကွန်ပျူတာဖြင့် အထူးပြုလုပ်ထားသည့် ကာတွန်းပုံများမဖြစ်စေရပါ။ အခြားမည်သည့်နေရာတွင်မှ အသုံးပြုဖော်ပြပြီးခြင်း မရှိစေရပါ။ မိမိကိုယ်တိုင် စိတ်ကူးရေးဆွဲခြင်းသာ ဖြစ်ရမည်။ ကူးယူရေးဆွဲခြင်းပြုသည့် ပုံတွေ့ရှိပါက ရွေးချယ်ခြင်းမှ ထုတ်ပယ်ပါမည်။

တစ်ဦးလျှင် သုံးပုံအထိ ရေးဆွဲပေးပို့နိုင်ပါသည်။ မိမိရေးဆွဲထားသော ကာတွန်းများကို ကိုယ်တိုင်ရေးဆွဲထားကြောင်း ဝန်ခံချက်၊ ကလောင်အမည်၊ အမည်ရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဆက်သွယ်ရန်နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့နှင့်အတူ ပြိုင်ပွဲဝင်ကာတွန်းများကို အောက်တိုဘာ ၂၇ ရက် (တနင်္လာနေ့)ညနေ ၅ နာရီနောက်ဆုံးထား၍ ဦးသန်းဝင်း၊ ဒေါ်အေးအေးသန်း အမှတ်(၂၂) ပထမထပ် ၁၃ လမ်း (အောက်လမ်း) အမှတ်(၆)ရပ်ကွက် လမ်းမတော်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးသို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့်ရွေးချယ်ခံရသူများကို ကြော်ငြာ၍ ဆုချီးမြှင့်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(ဌေးခိုင်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၄-၁၀-၂၀၁၄ (သောကြာနေ့)

- ၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၃၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၇း၅၀ "ကျေးဇူးတင်ပါတယ် မိန္ဒယ်ရယ်"
- ၁၀း၂၀ "ကမ္ဘာ့ကုလသမဂ္ဂနေ့(၂၀၁၄)
- ၁၀း၄၅ ကမ္ဘာ့ကုလသမဂ္ဂနေ့တေးများ
- ၁၀း၅၀ ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်
- ၁၁း၄၅ ပျော်ရွှင်စေသော နေ့ရက်များ "ရှုံးနိုင်တယ်" (အပိုင်း-၇)
- ၂း၂၀ တေးဂီတအစီအစဉ်
- ၄း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ
- ၉း၀၀ ပြည်တွင်းသတင်း -မြန်မာနိုင်ငံရဲတပ်ဖွဲ့ဂုဏ်ပြုဇာတ်လမ်း "အချိန်တိုင်းနေရာတိုင်း" (အပိုင်း-၇) (ပြေတီဦး၊ နိုင်းနိုင်း၊ မင်းဦး၊ စိုင်းစည်သွမ်ခမ်း၊ ထွန်းအိန္ဒြာဗို၊ မိုးဟေကို၊ ဖွေးဖွေး၊ အေးမြတ်သူ၊ ယဉ်လတ်၊ ရွှေမင်းသမီး) (ဒါရိုက်တာ-ဝိုင်း)



# နှစ်ပေါင်း(၄၀)ကျော်မှ ချောင်း(၃)ချောင်းပြန်လည်ဖော်

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်း ယခုနှစ်မိုးရာသီတွင် မိုးအဆက်မပြတ် ရွာသွန်းခဲ့ခြင်းကြောင့် လူနေရပ်ကွက်အချို့၌ ရေကြီး၊ ရေလျှံမှုများနှင့် ကြုံတွေ့ခဲ့ရသဖြင့် ရန်ကုန်မြို့တော်စည်ပင်မှ မြို့နယ်ရှိ ရိုးလေးချောင်း(ခနိုးချောင်း)၊ ခနင်းရိုးချောင်းနှင့်ရွှေလှေချောင်းတို့အား စက်ယန္တရားများဖြင့် တူးဖော်လျက်ရှိသည်။

အဆိုပါ ချောင်းများမှာ မြောက်ဥက္ကလာပမြို့ စတည်ကတည်းက ရှိခဲ့ပြီး ကန်စွန်းခင်းများဖြင့် တိမ်ကောပျောက်ကွယ်ခဲ့ကာ နှစ်ပေါင်း(၄၀)အတွင်း ယခုအခါမှ ပြန်လည်တူးဖော်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ ချောင်းများတူးဖော်ပြီးစီးပါက ရပ်ကွက်အသီးသီးမှ မိုးရေများနှင့်ရေဆိုးများ ချောင်းအတွင်း အလွယ်တကူ စီးဆင်းနိုင်မှာဖြစ်ခြင်းကြောင့် ရပ်ကွက်နေပြည်သူများ ရေကြီးရေလျှံမှုမှ ကင်းဝေးပြီး သွေးလွန်တုပ်ကွေးရောဂါများ ကာကွယ်သွားနိုင်မည်ဖြစ်သည်။

**(တင့်လွင်)**


## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့-၁၁၀ ၀၄၄၊ မိန်းမတ်သူရာလမ်း၊ မိုဟမ်သမဝါယမစက်မှုဇုန်၊ ဘီ(၁)/အိတ်ချ်(၈) တွင်တည်ရှိသော **Haldiram India Pvt. Ltd.** သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ တစ်ဦးတည်းမူပိုင်ကုန်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

Haldiram's

(၄/၄၄၉/၂၀၀၁)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ဂျုံနှင့်အာဟာရသီးနှံတို့ဖြင့် ပြုလုပ်ထားသော မုန့်ချိုစားဖွယ်များ၊ ပေါင်မုန့်၊ မုန့်အမျိုးမျိုးနှင့် လူတို့အတွက်စီမံပြုလုပ်ထားသော အသင့်စား စားသောက်ဖွယ်ရာအမျိုးမျိုး အပါအဝင် အပြည်ပြည်ဆိုင်ရာ ကုန်ပစ္စည်းအမျိုးအစားသတ်မှတ်ချက် (၃၀)တွင်ပါဝင်သော စားသောက်ဖွယ်ရာများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် အသုံးပြုလျက်ရှိပါသည်။

မည်သူမဆိုအဆိုပါကုန်အမှတ်တံဆိပ်ကို **Haldiram India Pvt. Ltd.**၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ အတုပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် တုပပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးထိန်လင်းဦး *LL.B* (စဉ်-၆၃၆၁) တရားလွှတ်တော်ရှေ့နေ
**MYANMAR TRADEMARK AND PATENT LAW FIRM**
အမှတ်(၅၆၇)၊ အခန်း(၃၀၄)၊ တတိယထပ်၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၃၇၆၃၁၈ E-mail: mtpip@mptmail.net.mm

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

VOV

မှတ်ပုံတင်စာချုပ်အမှတ်
(၄/၇၆၅၈/၂၀၀၉)၊ နေ့စွဲ(၁-၁၀-၂၀၀၉)

LYNX TRADING CO.,LTD. သည် ကိုရီးယားနိုင်ငံ LG Household and Healthcare မှ ထုတ်လုပ်ဖြန့်ဖြူးသော **'VOV'** အလှကုန်ပစ္စည်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဈေးကွက်တွင် တစ်ဦးတည်းဖြန့်ဖြူးရောင်းချရန် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားပြီး ယနေ့တိုင်ဈေးကွက်တွင် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ "LYNX" ရောင်ပြန်စတစ်ကာ (Hologram) ကပ်နှိပ်ပါရှိသော ကုန်အမှတ်တံဆိပ်၊ အမည်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကသော်လည်းကောင်း (သို့မဟုတ်) လူအများကသော်လည်းကောင်း(သို့မဟုတ်)ကုမ္ပဏီအဖွဲ့အစည်းတစ်ခုခုကသော်လည်းကောင်း၊ ထပ်တူထပ်မျှ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ သံတူ ကြောင်းကွဲ၊ ပုံတူပုံမှား တုပပြုလုပ်သုံးစွဲ၊ ရောင်းချပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးခင်ညွန့်(၁၇၀၁)၊ ဒေါ်ရီရီတင်(၁၉၉၅)
တရားလွှတ်တော်ရှေ့နေများ
ရုံးခန်း(၁) အမှတ်-၅၅၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်။
ရုံးခန်း(၂)အမှတ်-၉၀၊ လမ်း(၄၀) ကျောက်တံတားမြို့နယ်။
ဖုန်း-၃၇၁၇၅၅၊ ၀၉-၇၃၀၀၉၆၄၄၊ ၅၀၁၁၅၇၁၊ ၅၀၁၈၃၄၅၊ ၆၈၀၆၁၂၃၊



အားကစား

# ပရီမီယာလိဂ်ရင်ခုန်သံ(၉)

**ပရီမီယာလိဂ်ပွဲစဉ် (၉)မှာ မန်ယူနဲ့ချယ်လ်ဆီးဆုံတယ်။ စိတ်ဝင်စားဖို့ကောင်းတဲ့ပွဲဖြစ်ပြီး ဗန်ဟားလ်အနေနဲ့ မော်ရင်ဟိုကို ဟန့်တားနိုင်မှာလားစောင့်ကြည့်ရမယ်။ ဒါ့အပြင် ပွဲစဉ် (၈)မှာ ရှုံးပွဲကြုံခဲ့တဲ့ စပါးနဲ့ နိုင်ပွဲမရခဲ့တဲ့ အာဆင်နယ်တို့အနေနဲ့လည်း နိုင်ပွဲပြန်ရှာနိုင်မလားဆိုတာ စောင့်ကြည့်သွားရဖို့ရှိတယ်။**

**ဝက်စ်ဟမ်း - မန်စီးတီး ညနေ ၆း၁၅ (၂၅-၁၀-၂၀၁၄)**

ဝက်စ်ဟမ်းရဲ့ခြေတည်ငြိမ်မှုဟာ မန်စီးတီးကိုအခက်တွေ့စေနိုင်တယ်။ အထူးသဖြင့် ဝက်စ်ဟမ်းက အိမ်ကွင်းအားနဲ့ တုံ့ပြန်မှာဖြစ်သလို ဆာခို၊ ဗလန်စီယာတို့ရဲ့ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေတည်ငြိမ်နေတယ်။ သတိပြုရမှာက မန်စီးတီးဟာ ချန်ပီယံလိဂ်ကစားခဲ့ရလို့ ပွဲပန်းနေနိုင်မှုပဲ။ အဲဒါနဲ့ချင့်ချိန်အားပေးရမယ်။

**လီဗာပူး - ဟားလ် ည ၈း၃၀ (၂၅-၁၀-၂၀၁၄)**

အိမ်ကွင်းမှာ လီဗာပူး အမှားခံမှာ မဟုတ်ပေမယ့် ချန်ပီယံလိဂ်မှာ ရီးယဲလ်မက်ဒရစ်နဲ့ကစားခဲ့ရမှုက ပွဲပန်းမှုပြင်းထန်စေနိုင်တယ်။ ဟားလ်က ကစားပုံမဆိုးဘူးလို့ပြောရင်ရတယ်။ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေမဆိုးဘူး။ နောက်ဆုံးငါးပွဲမှာလည်း အရှုံးတစ်ပွဲတည်းသာရှိတယ်။ သတိပြုရမှာကတော့ ဟားလ်ရဲ့ခံစစ်ပိုင်းမတည်ငြိမ်မှုပဲ။

**ဆောက်သမ်တန် - စတုတ် ည ၈း၃၀(၂၅-၁၀-၂၀၁၄)**

ဆောက်သမ်တန်ရဲ့ခြေအကောင်းဆုံးပုံစံမှာရှိတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ စပါးတစ်သင်းတည်းကိုသာ ရှုံးပြီး လေးပွဲနိုင်ခဲ့တယ်။ ဆန်းဒါးလန်းနဲ့ပွဲမှာ ရှစ်ဂိုး-ဂိုးမရှိနဲ့နိုင်တယ်။ စတုတ်က ကစားပုံမာတယ်ဆိုပေမယ့် တိုက်စစ်ပိုင်းက ပုံမှန်ဂိုးသွင်းခြေမရှိဘူး။ အဝေးကွင်းဖြစ်နေတာနဲ့ပါ ချင့်ချိန်တွက်ဆရမယ်။

**ဆန်းဒါးလန်း - အာဆင်နယ် ည ၈း၃၀(၂၅-၁၀-၂၀၁၄)**

ဒီပွဲမှာသတိပြုရမှာက ဆန်းဒါးလန်းရဲ့ တုံ့ပြန်နိုင်အားပဲ။ အထူးသဖြင့် ဆန်းဒါးလန်းဟာ နောက်ဆုံးပွဲမှာ ဆောက်သမ်တန်ကို ရှစ်ဂိုးပြတ်ရှုံးတယ်။ အဲဒါကြောင့် ရလဒ်ပြန်ကောင်းဖို့အပြင် သိက္ခာပြန်ဆယ်ဖို့အတွက်ပါ အိမ်ကွင်းအားနဲ့တင်ကစားမှာပဲ။ ဒါကို အာဆင်နယ်ရဲ့ ချန်ပီယံလိဂ်ကြောင့်ပွဲပန်းလာနိုင်တာနဲ့ပါ ချင့်ချိန်ရမယ်။

**ဝက်စ်ဘရွန်း - ပဲလေ့စ် ည ၈း၃၀ (၂၅-၁၀-၂၀၁၄)**

ဝက်စ်ဘရွန်းက အခုရာသီမှာ ကစားပုံမဆိုးဘူး။ အထူးသဖြင့် အိမ်ကွင်းကစားပုံကောင်းတယ်။ အိမ်ကွင်းမှာဆိုရင် တိုက်စစ်ကလည်းဂိုးသွင်းခြေပိုငြိမ်တယ်။ ပဲလေ့စ်က အသင်းလိုက်ကစားပုံနဲ့ ကစားအားကောင်းပေမယ့် ခံစစ်ပိုင်းက စိတ်မချရဘူး။ စုစုပေါင်းရှစ်ပွဲမှာ ၁၄ ဂိုး အထိပေးထားရတာနဲ့ပါ နှိုင်းယှဉ်အားပေးရမယ်။

**ဆွမ်ဆီး - လက်စတာ ည ၁၁း၀၀ (၂၅-၁၀-၂၀၁၄)**

လက်စတာက သုံးပွဲဆက်တိုက်မနိုင်ဘူး။ ကာဆယ် ပဲလေ့စ်တို့ကို ရှုံးပြီး ဘန်လေကိုသရေသာကစားနိုင်တယ်။ အထူးသဖြင့် အဝေးကွင်း လေးပွဲမှာ တိုက်စစ်က တစ်ဂိုးပဲရတယ်။ အဲဒီလေးပွဲမှာ သုံးပွဲရှုံးတယ်။ ဆွမ်ဆီးက ခြေမတည်ငြိမ်ဘူးဆိုပေမယ့် အိမ်ကွင်းကစားပုံကောင်းတတ်တာ သတိပြုအားပေးရမယ်။

**ဘန်လေ-အဲဗာတန် ည ၈း၀၀(၂၆-၁၀-၂၀၁၄)**

ဗီလာကို ဂိုးပြတ်နိုင်ခဲ့ပေမယ့် အဲဗာတန်ခြေတည်ငြိမ်မှုရှိတယ်လို့ မဆိုနိုင်ဘူး။ နောက်ဆုံးလေးပွဲမှာ အဲဒီ တစ်ပွဲတည်းနိုင်တယ်။ ပြီးတော့ ယူရိုပါလိဂ်လည်း ကစားခဲ့ရတော့ ပွဲပန်းလာနိုင်တယ်။ ဘန်လေက နိုင်ပွဲမရှိသေးဘူးဆိုပေမယ့် အသင်းလိုက်ကစားအားရှိတယ်။ အိမ်ကွင်းဖြစ်နေတာနဲ့ပါ ထည့်တွက်စဉ်းစားရဖို့လိုတယ်။

**စပါး -ကာဆယ် ည ၈း၀၀(၂၆-၁၀-၂၀၁၄)**

ကာဆယ်က နိုင်ပွဲစရခဲ့ပြီဆိုပေမယ့် ခြေစွမ်းက စိတ်ချရလောက်အောင် မကောင်းဘူး။ အထူးသဖြင့် တိုက်စစ်ပိုင်းက အဆုံးသတ်သေချာမှု မရှိသေးသလို အဝေးကွင်းလည်းဖြစ်နေတယ်။ စပါးက ယူရိုပါလိဂ်ကစားခဲ့ရလို့ ပွဲပန်းနိုင်ပေမယ့် မန်စီးတီးကို ဂိုးပြတ်ရှုံးခဲ့လို့ နိုင်ပွဲပြန်ရှာမယ့်အပြင် အိမ်ကွင်းအားရှိတာနဲ့ပါ ချင့်ချိန် တွက်ဆရမယ်။

**မန်ယူ-ချယ်လ်ဆီး ည ၁၀း၃၀(၂၆-၁၀-၂၀၁၄)**

ပွဲကောင်းတစ်ပွဲပါ။ ချယ်လ်ဆီးက လက်ရှိခြေတည်ငြိမ်နေသလို ခံစစ်၊ တိုက်စစ်ကစားပုံမျှတပေမယ့် ချန်ပီယံလိဂ်ကြောင့် ပွဲပန်းမှုရှိမယ်။ မန်ယူကအသင်းလိုက်ကစားပုံအရ လိုအပ်ချက်တွေများပေမယ့် တစ်ဦးချင်းခြေရည်ခြေသွေးက ထိပ်တန်းအဆင့်ရှိတယ်။ အိမ်ကွင်းလည်းဖြစ်တယ်။ ချယ်လ်ဆီးမရှုံးရင်တောင် နိုင်ပါ့မလား။ စဉ်းစားရမယ်။

**ကျူပီအာ-ဗီလာ နံနက် ၂း၃၀(၂၈-၁၀-၂၀၁၄)**

ဗီလာက အဝေးကွင်းတိုက်စစ်ပိုင်းအားနည်းလွန်းတယ်။ အဝေးကွင်းလေးပွဲမှာ နှစ်ဂိုးပဲရတယ်။ ခံစစ်က ခြောက်ဂိုးအထိပေးရတယ်။ နောက်ဆုံးကစားခဲ့တဲ့ လေးပွဲဆက်တိုက်လည်း ရှုံးပွဲကြုံခဲ့တယ်။ ကျူပီအာကလည်း အသင်းလိုက်ကစားပုံနဲ့ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်အားနည်းပေမယ့် အိမ်ကွင်းဖြစ်နေတာသတိပြုရမယ်။

**(ရှိုင်းမင်းမင်း)**

## ချန်ပီယံလိဂ် အုပ်စုအဆင့် အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| အက်သလက်တီကို | ၅ - ၀ | မာလ်မို |
| အိုလံပီယာကော့စ် | ၁ - ၀ | ဂျူဗင်တပ်စ် |
| လူဒိုဂိုရက်စ် | ၁ - ၀ | ဘေဆယ် |
| လီဗာပူး | ၀ - ၃ | ရီးယဲလ်မက်ဒရစ် |
| လေဗာကူဆင် | ၂ - ၀ | ဇင်းနစ် |
| မိုနာကို | ၀ - ၀ | ဘင်ဖီကာ |
| အန်ဒါလက်ချ် | ၁ - ၂ | အာဆင်နယ် |
| ဂါလာတာစာရေး | ၀ - ၄ | ဒေါ့မွန် |

(မောင်မောင်ဇော်)



# နေပြည်တော် ဝဏ္ဏသိဒ္ဓိတင်းနစ်အားကစားရုံသစ်ဖွင့်

**နေပြည်တော် အောက်တိုဘာ ၂၃**

အားကစားဝန်ကြီးဌာန နေပြည်တော် ဝဏ္ဏသိဒ္ဓိတင်းနစ်အားကစားရုံသစ် ဖွင့်လှစ်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် အဆိုပါ အားကစားဝင်းအတွင်းရှိ တင်းနစ်အားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတင်းနစ်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းတို့က အားကစားရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အားကစားရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အားကစားရုံအား ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ယင်းတင်းနစ်အားကစားရုံသည် နိုင်ငံတကာပြိုင်ပွဲများကျင်းပရန်အတွက် အားကစားရုံတစ်ရုံနှင့် လေ့ကျင့်ရေးပြင်ပ အားကစားကွင်း သုံးကွင်းပါရှိကြောင်း သိရသည်။ **(ကြေးမုံ)**

# လာမည့်နှစ်နှစ်အတွင်း ဖလားတစ်လုံးရယူမည်ဟု ပိုချက်တီနိုပြောကြား

ပရီမီယာလိဂ်ကလပ် စပါးအသင်းသည် လာမည့် ဘောလုံးရာသီနှစ်ခုတွင် အနည်းဆုံး ဖလားတစ်လုံးရယူနိုင်မည်ဟု ယုံကြည်ထားကြောင်း စပါးအသင်းနည်းပြ ပိုချက်တီနိုက ထုတ်ဖော်ပြောကြားခဲ့သည်။ အသက်(၄၂)နှစ်အရွယ် နည်းပြ ပိုချက်တီနိုသည် ပြီးခဲ့သည့်နွေရာသီ အပြောင်းအရွှေ့ကာလအတွင်းက ဆောက်သမ်တန်အသင်းမှ စပါးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

စပါးအသင်းနည်းပြအဖြစ် ပိုချက်တီနို တာဝန်ယူကိုင်တွယ်စဉ်မှ စတင်ကာ ပရီမီယာလိဂ်တွင် ရှစ်ပွဲကစားပြီး ၁၁ မှတ်သာရရှိထားသည်။ ထို့ကြောင့် ယခုနှစ်ဘောလုံးရာသီတွင် စပါးအသင်းအတွက် ဖလားမရယူနိုင်ခဲ့ပါမူ လာမည့်ဘောလုံးရာသီနှစ်ရာသီအတွင်း အနည်းဆုံးဖလားတစ်လုံးရယူပေးနိုင်မည်ဟု ယုံကြည်ထားကြောင်း ပိုချက်တီနိုကဆိုသည်။ **(ငွေကြယ်)**

# ဘာစီလိုနာကစားသမား ဟက်ဒါဒီအား အာဆင်နယ်နှင့် ချယ်လ်ဆီး စိတ်ဝင်စားနေ

ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်ကြသည့် အာဆင်နယ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့သည် စပိန်လာလီဂါကလပ် ဘာစီလိုနာကစားသမား ဟက်ဒါဒီအား ခေါ်ယူ၍စာချုပ်ချုပ်ဆိုရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။ သို့ရာတွင် ဘာစီလိုနာအသင်းနည်းပြ ဟင်နရီကေးကမူ ဟက်ဒါဒီမှာ အနာဂတ်တွင် တောက်ပလာမည့် ကစားသမားတစ်ဦးအဖြစ် ရှုမြင်လျက် ဘာစီလိုနာအသင်းမှ ရောင်းထုတ်မည် မဟုတ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။

ထို့ကြောင့် ဘာစီလိုနာအသင်းနည်းပြ ဟင်နရီကေးအနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် ဘာစီလိုနာအသင်း ယှဉ်ပြိုင်ကစားခဲ့သည့် လာလီဂါပွဲစဉ်ရှစ်ခုတွင် ဟက်ဒါဒီအား ခုနစ်ပွဲအထိ ပါဝင်ကစားစေခဲ့သည်။ နည်းပြ ဟင်နရီကေးအနေဖြင့် ဟက်ဒါဒီအား လက်လွှတ်မည်မဟုတ်ကြောင်း ပြောကြားခဲ့သော်လည်း အာဆင်နယ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ကမူ အင်္ဂလန်မြေအရောက် ခေါ်ယူနိုင်ရေး အပြိုင်ကြိုးပမ်းသွားဖွယ်ရှိကြောင်း သိရသည်။ **(ငွေကြယ်)**

**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

GOLDEN STAR ခရီးသွားလုပ်ငန်း
☆ကျိုက်ထီးရိုး၊ ချောင်းသာ (နေ့စဉ်)
☆ငွေဆောင် (သောကြာ) ကားမျိုးစုံ စီးလုံးငှားသည်။
Ph: 209200, 430480, 544383, 703448, 705968






# ပုလဲသွယ်စပ်မျိုးမိုးစပါးပြပွဲနှင့် စံပြကွက်ရိတ်သိမ်းပွဲ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ပြုလုပ်



**ကျောက်တံခါး၊ အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ မြို့ချောင်းကျေးရွာအုပ်စု အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၈၄/၅) အနီး ကွင်းအမှတ် (၇၇/က)၊ ဦးပိုင်အမှတ် (၇၆၁)၊ တောင်ပေါ်စုကွင်း၌ တောင်သူဦးလှထွန်းပိုင်ဆိုင်သော လယ်မြေ ၁၀ ဧကတွင် ကျောက်တံခါးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းစနစ် စိုက်ပျိုးထုတ်လုပ်မှု နည်းစနစ်ကောင်းများ (GAP) နည်းဖြင့် စိုက်ပျိုးထုတ်လုပ်သည့် မိုးစပါးပုလဲသွယ်စပ်မျိုးစပါး ကွင်းပြပွဲနှင့် စံပြကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၂၁ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

ကွင်းပြပွဲနှင့် စံပြကွက်ရိတ်သိမ်းပွဲသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးတင်စိုး၊ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူး ဦးလှမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောက်တံခါးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးမြင့်အောင်နှင့် စိုက်ပျိုးရေးဝန်ထမ်းများ မြို့နယ်မြေစာရင်းဦးစီးမှူးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ်အထောက်အကူပြုနှင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ ဒေသခံတောင်သူများ တက်ရောက်လေ့လာခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုးနှင့် တိုင်းစိုက်ပျိုးရေးဦးစီးမှူး ဦးလှမြင့်တို့က တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများအား ပုလဲသွယ်စပ်မျိုးစပါးများ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် စိုက်ပျိုးထုတ်လုပ်မှုအလေ့အကျင့်ကောင်းများ (GAP) နည်းဖြင့် စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများနှင့် ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ရိတ်သိမ်းပုံအဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် တောင်သူဦးလှထွန်း၏ ပုလဲသွယ်စပ်မျိုးမိုးစပါးစံပြကွက်အား ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ရိတ်သိမ်းခြွေလှေ့ခဲ့ရာ တစ်ဧကလျှင် ၁၈၂ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

# ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်ရှိ ဒုဋ္ဌဝတီ မြစ်ကူးတံတားကြီး အန္တရာယ်ကင်း မီးလင်းစေချင်

**သီပေါ၊ အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်ရှိ ဒုဋ္ဌဝတီမြစ်ကူးတံတားကြီးသည် မန္တလေး၊ လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုလမ်းမကြီး၏ အဓိကဆက်သွယ်ပေးသည့် အရေးပါသောလမ်းကြောင်းဖြစ်ပြီး တစ်နေ့လျှင် ကားကြီးကားငယ် အစီးပေါင်း ၂၀၀၀ကျော် ဖြတ်သန်းသွားလာလျက်ရှိသည်။

အဆိုပါတံတားကြီးကို နိုင်ငံတော်က ၂၀၁၁ ခုနှစ် မတ် ၆ ရက်တွင် ဖွင့်လှစ်ပေးခဲ့၍ ကုန်တင်မော်တော်ယာဉ်ကြီးများမှာ နေ့ညမပြတ် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စွာ စုန်ဆန်သွားလာလျက်ရှိသော်လည်း ယခုကဲ့သို့ ဆောင်းဦးကာလရောက်ချိန်တွင် နှင်းမြူများနှင့်ပိတ်ကာ တံတားကြီး၏ အလယ်ဗဟိုမှ ဆလိုက်မီးများမှာလည်း ပျက်စီးယိုယွင်းနေရာ အမြင်အာရုံမကြည်လင်မှုများကြောင့် အန္တရာယ်ဖြစ်ပွားနိုင်သဖြင့် ဒုဋ္ဌဝတီမြစ်ကူးတံတားကြီးကို ယခင်ကကဲ့သို့ မီးလုံးများပြန်လည်လဲလှယ်တပ်ဆင်ပေးရန် မော်တော်ယာဉ်မောင်းများက လိုလားလျက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# ရမည်းသင်းမြို့နယ် လှရွာတွင် ဆက်သွယ်ရေးတာဝါတိုင် စိုက်ထူရန်စတင်ဆောင်ရွက်လျက်ရှိနေ

**ရမည်းသင်း၊ အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့၊ မြို့လှအုပ်စု မြို့လှရွာ ဈေးအနောက်ဘက် ဦးမြင့်စိုး၏ဝိုင်းအတွင်းတွင် PAN ASIA TOWER OOREDOO မှ ဆက်သွယ်ရေးတာဝါတိုင်ဆောက်လုပ်ရန်အတွက် မြေတူးစက်ဖြင့် သတ်မှတ်မြေနေရာတွင် မြေများစတင်တူးဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းတာဝါတိုင်ကို မြေအကျယ် ပေ ၆၀ ပတ်လည်တွင် ခြေသုံးချောင်းထောက်ဖြင့် ၆၀ မီတာအမြင့် ဆောက်လုပ်သွားမည်ဟု သိရသည်။ မြေငှားရမ်းခမှာ တစ်လလျှင် တစ်သိန်းငါးသောင်းကျပ်ဖြစ်ကာ တစ်နှစ်စာ ငွေချေစနစ်ဖြင့် ငှားရမ်းခဲ့သည်ဟု သိရသည်။ **လှိုင်သန်းတင့်(ရမည်းသင်း)**

# သာစည်မြို့နယ်အတွင်း ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**သာစည်၊ အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းရှိ ကျီတိုင်ကုန်းတောင်ရွာ၊ ကျီတိုင်ကုန်းမြောက်ရွာ၊ ရွာပုလဲကြီးကျေးရွာ အစရှိသောကျေးရွာများတွင် မိုးဦးနှမ်းနှင့်အတူ သီးထပ်သီးညှပ်စိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံမျိုးသည် သက်ကြီးမျိုးဖြစ်ပြီး မိုးဦးကျကဆုန်လတွင် စိုက်ပျိုးကြသည့် နှမ်းစိုက်ခင်းများ၊ ပဲတီစိမ်းစိုက်ခင်းများတွင် သီးထပ်သီးညှပ်အဖြစ် စိုက်ပျိုးထားရှိရာ သက်တမ်းအားဖြင့် ခြောက်လခန့်ရှိပြီဖြစ်သည်။

ပဲစင်းငုံမျိုးမှာ အဖြူ အနီရှိပြီး ပဲစင်းငုံအနီမျိုးမှာ အဖြူမျိုးထက် ဈေးကောင်းသည်။ စိုက်ပျိုးချိန်က ပဲစင်းငုံအနီမျိုး တစ်ပြည် ကျပ် ၁၄၀၀ ဖြင့်ဝယ်ယူစိုက်ပျိုးရပြီး တစ်ဧကလျှင် နှစ်ပြည်နှုန်းစိုက်ပျိုးရသည်။

ပဲစင်းငုံစိုက်ပျိုးရာတွင် တန်းဆွဲစိုက်ပျိုးခြင်းနှင့် ပက်ကျဲစိုက်ပျိုးခြင်းများဖြင့်စိုက်ပျိုးကြရာ သက်တမ်းအားဖြင့်ခြောက်လခန့် အပွင့်ပွင့်ချိန်တွင် ဆေးပက်ဖျန်းပေးခြင်း၊ ပိုးခါပေးခြင်းများပြုလုပ်ရသည်။

တန်းဆွဲစိုက်ပျိုးခြင်းက ဆေးပက်၊ ပိုးခါနှင့် ထယ်ရေးလိုက်ရာတွင် အဆင်ပြေလွယ်ကူပြီး ပက်ကျဲစိုက်ပျိုးခြင်းသည် ဆေးပက်၊ ပိုးခါနှင့် ထယ်ရေးလိုက်ရန် မလွယ်ကူကြောင်း သိရသည်။

"ပဲစင်းငုံက တစ်နှစ်မှာတစ်သီးစား ပဲအမျိုးအစားဖြစ်ပါတယ်။ ဒါကြောင့် မိုးဦးကျ နှမ်း၊ ပဲတီစိမ်းစိုက်ပျိုးရာတွင် သီးထပ်သီးညှပ်အဖြစ် ရောနှောစိုက်ပျိုးထားတာပါ။ စိုက်ပျိုးပြီး ခြောက်လခန့်ကျမှ ပွင့်တဲ့အပွင့်တွေ အသီးတင်အောင် ဂရုစိုက်ရတာပါ။ အခြားသီးနှံတွေလို ပေါင်းပေါက်၊ ဆေးပက် အမြဲလုပ်နေစရာမလိုတော့ လုပ်အားခကုန်ကျမှုသက်သာပါတယ်။

"ကိုးလခန့်ကြာရင် ပဲစင်းငုံကိုခုတ်သိမ်းရပြီး နေလှန်းအခြောက်ခံကာ ကိုင်းခြောက်ကိုပုတ်ပြီး အစေ့ထုတ်ယူရပါတယ်။ ပဲစင်းငုံပုတ်ရာတွင်လည်း ပဲစင်းငုံကိုင်းကို ထင်းအဖြစ်အသုံးပြုလိုသူများက နေ့စားခပေးစရာမလိုပဲ လာရောက်ပုတ်ယူကြပါတယ်။ ပဲစင်းငုံအမှော်ကလည်း နွားစာအဖြစ်အသုံးပြုလို့ရတဲ့အတွက် ကိုင်း၊ အမှော်၊ ပဲစေ့ အားလုံးအသုံးဝင်ပါတယ်။ ပဲစင်းငုံတစ်ဧကလျှင် ၁၀ တင်းခန့်ထွက်ရှိပြီး အောက်တိုဘာလဆန်းက ရွာသွန်းတဲ့မိုးကြောင့် စိုက်ပျိုးထားတဲ့ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်" ဟု သာစည်မြို့နယ် ကျီတိုင်ကုန်းကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောပြသည်။ **မျိုးမင်း(သာစည်)**

# နတ်မောက်မြို့ မြို့မဈေးကြီးတွင် မြို့နယ်စည်ပင်မှ အမှိုက်များစနစ်တကျ သိမ်းဆည်းဆောင်ရွက်

**နတ်မောက်၊ အောက်တိုဘာ ၂၃**

နတ်မောက်မြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့မဈေးကြီးသန့်ရှင်းသာယာလှပရေးအတွက် နေ့စဉ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြို့မဈေးကြီးအတွင်းရှိ ဈေးသူဈေးသားများ စည်းကမ်းမဲ့စွာစွန့်ပစ်ထားသော အမှိုက်များနှင့် အမှိုက်တောင်းများမှ အမှိုက်များကို စည်ပင်သာယာရေးဝန်ထမ်းများက လိုက်လံသိမ်းဆည်းပြီး မော်တော်ယာဉ်ပေါ်တင်၍ မြို့ပြင်ရှိ သတ်မှတ်ထားသောနေရာများတွင် စနစ်တကျ စွန့်ပစ်လျက်ရှိသည်။

မြို့မဈေးကြီးအတွင်း ဈေးဆိုင်များမှ အမှိုက်များကို စနစ်တကျစွန့်ပစ်နိုင်ရေးအတွက် စည်ပင်သာယာအမှိုက်သိမ်းမော်တော်ယာဉ်အား မွန်းလွဲ ၃ နာရီတွင် ဈေးအတွင်းရပ်နား၍ အမှိုက်များသိမ်းဆည်းခဲ့ရာ ညနေ ၆ နာရီတွင်မြို့ပြင်ရှိ သတ်မှတ်ထားသောနေရာသို့ စနစ်တကျစွန့်ပစ်ပေးလျက်ရှိကြောင်းနှင့် ဈေးသူဈေးသားများမှလည်း စွန့်ပစ်အမှိုက်များကို စနစ်တကျစွန့်ပစ်သင့်ကြောင်းဈေးသည်တစ်ဦးကပြောသည်။ **လှဝင်း(မြို့နယ်ပြန်/ဆက်)**

ခေတ်ရွှေဆောင်
၀၉ ၄၄၉၂၅၀၁၉၁၊ ၀၁-၇၁၀၀၈၂
၀၉ ၄၂၀၀၀၅၂၇၈၊ ၀၉ ၅၀၇၃၄၄၅
Nov-3, Dec-23 ထွက်မည်။
ခေါင်ကြီးမီးပုံးပျံပွဲ၊ ထမ့်စမ်း၊ မေခတော်ကတ္တူ၊ ပင်းတယ၊ အင်းလေး၊ လွိုင်ကော်၊ အံ့ဘွယ်ထူးမြတ် ညှိုးနဂါးပတ်စေတီ ထားဝယ်နှစ်ကျိပ်ရှစ်ဆူပွဲ၊ ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက်ထီး၊ စရီးစဉ်တိုင်း ၆-ရက် စရိတ်ငြိမ်း (၇၅၀၀၀)

ရွှေခင်းသာ FULLY AIR-CON EXPRESS ကားစီးလုံးငှားစီစဉ်ပေးသည်
ထုံးဘိုအကောက်တောင်၊ နဂါးရစ်တောင်၊ ပြည်၊ ဟသ်ာတ၊ ဝေလွှန်ပြည်တော်ပြန် ဘုရားဖူး(၁-ညအိပ်/၂-ရက်) ထမင်းကျွေး-တစ်ဦးလျှင် 25000/-Oct 31 (ည)
တောင်ကြီးမီးပုံးပျံပွဲတော်၊ အင်းလေး၊ လွိုင်ကော်(၆-ရက်)ထမင်းကျွေး 70000/-Nov3
ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက်ထီး၊ ဝက်ဝဲ၊ မော်လမြိုင်(၆-ရက်)ထမင်းကျွေး 75000/-Dec19
09-420046635, 09-73123647

GOLDEN VIEW MYANMAR Travels & Tours
*မော်လမြိုင်-ကျိုက်ထီး-ဝက်ဝဲ (နေ့ချင်းပြန်) Oct 25, Nov 5- 35000/
*ပြည်-အကောက်တောင် (နေ့ချင်းပြန်) Nov 5-30000/
*ကျိုက်ထီးရိုး (နေ့ချင်းပြန်) Nov 5-30000/
Air-Con Express, Restaurant, Guide ဝရိတ်ငြိမ်း။
Call: 09 253379851, 09 974053699

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရ၁)၊ လှော်ကားလမ်း၊ မြေကွက်အမှတ်(၁၈၅၃/က)၊ အကျယ်အဝန်း(၂၀' x ၆၀')ရှိ ဒေါ်သန်းမြင့် အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးတင်ဝင်း(၁၂/တမန(နိုင်)၀၁၈၀၅၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
တရားလွှတ်တော်ရှေ့နေများ / အထက်တန်းရှေ့နေများ
ဒေါ်မေရည်စိုးဦး LL.B, D.B.L
ဦးဝင်းအောင် LL.B, D.M.L, D.B.L
ဒေါ်ခိုင်ဇင်ဦး LL.B, D.B.L
ဒေါ်ခိုင်ခိုင်စန်း LL.B, D.B.L
ဦးအောင်နိုင်ထူး LL.B
ဒေါ်မေဖွန့်စိုးဦး LL.B, D.B.L, D.I.R, C.B.D.S(MOFA)
စိုးစံ(လင်း) အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ
ရုံးချုပ် - အမှတ်(ရ၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ - 510760, 510940, 510950, 500643, 502517, 2304311
ဗဟန်းရုံးခွဲ - အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ - 01-552742/559320, 09 5060938, 09 5060940, 09 8634090, 09 73100980

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၆)၊ လှော်ကားလမ်း၊ မြေကွက်အမှတ်(၁၄၈၀)၊ အကျယ်အဝန်း(၄၀' x ၆၀')ရှိ ဦးသန့်ဇင်အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးထိန်လင်းအောင်(၁၀/မဒန(နိုင်)၁၀၆၁၇၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
တရားလွှတ်တော်ရှေ့နေများ / အထက်တန်းရှေ့နေများ
ဒေါ်မေရည်စိုးဦး LL.B, D.B.L
ဦးဝင်းအောင် LL.B, D.M.L, D.B.L
ဒေါ်ခိုင်ဇင်ဦး LL.B, D.B.L
ဒေါ်ခိုင်ခိုင်စန်း LL.B, D.B.L
ဦးအောင်နိုင်ထူး LL.B
ဒေါ်မေဖွန့်စိုးဦး LL.B, D.B.L, D.I.R, C.B.D.S(MOFA)
စိုးစံ(လင်း) အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ
ရုံးချုပ် - အမှတ်(ရ၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ - 510760, 510940, 510950, 500643, 502517, 2304311
ဗဟန်းရုံးခွဲ - အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ - 01-552742/559320, 09 5060938, 09 5060940, 09 8634090, 09 73100980

# ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၁ နှင့် ၂ ကို ပြန်လည်သုံးသပ်ပြီး ပြည်ထောင်စု၏အနှစ်သာရကို ပေါ်လွင်အောင်ပုံဖော်ပေးရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းပြောကြား

**နေပြည်တော် အောက်တိုဘာ ၂၃**

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်၊ ဇယား ၁ နှင့် ၂ လေ့လာသုံးသပ်ရေးကော်မတီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးလှထွန်း၊ ဦးစိုးဝင်း၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးခင်ရီ၊ ဦးသန်းဌေး၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာသန်းအောင်၊ ဒေါက်တာမြင့်အောင်၊ ဦးအေးမြင့်ကြူ၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးကျော်လွင်၊ ဦးဇေယျာအောင်၊ ဒေါ်မြတ်မြတ်အုန်းခင်၊ ဒေါက်တာကိုကိုဦး၊ ဦးဌေးအောင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❑



ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်၊ ဇယား ၁ နှင့် ၂ လေ့လာသုံးသပ်ရေးကော်မတီအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ယနေ့
**မာတိကာ**


အီဘိုလာကူးစက်မြန် ရောဂါကာကွယ်ရန် ခရီးသွားများအား ပိတ်ပင်ဟန့်တားမှုအပေါ် ဆွေးနွေး
စာမျက်နှာ - ၅

မူဆယ်၌ တစ်သောင်းတန် ငွေစက္ကူအတုများ သိမ်းဆည်းရမိ
စာမျက်နှာ - ၁၂




အရှေ့တောင်အာရှ ဗိုဗီနမ်(ဗန်တို)ပြိုင်ပွဲ အမျိုးသမီး အမျိုးသားအတွဲ(ခုခံကာကွယ်မှု)စွမ်းရည်ပြပြိုင်ပွဲ ရွှေတံဆိပ်ဆွတ်ခူးခဲ့သည့် ဆုလဲ့ဖြိုးနှင့် ခိုင်ဇင်ဝင်းတို့ ယှဉ်ပြိုင်ဟန်။ သတင်း စာမျက်နှာ » ၈

# လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် အခြေခံ၍ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး၊ ထာဝရငြိမ်းချမ်းရေး အမြန်ဆုံးတည်ဆောက်နိုင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မိုင်းလားအထူးဒေသ(၄) ဥက္ကဋ္ဌ ဦးစိုင်းလင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် “ဝ”အထူးဒေသ(၂)မှ ဒုတိယဥက္ကဋ္ဌ ဦးရှောင်မိလျံဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့နှင့် အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရှမ်းပြည်နယ် မိုင်းလားမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်စိုး၊ ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သန်းထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးရာတွင် လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် မူတည်၍ ဆွေးနွေးခဲ့ကြပြီး တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး၊ ထာဝရငြိမ်းချမ်းရေး အမြန်ဆုံးတည်ဆောက်နိုင်ရေးကို ဝိုင်းဝန်းအကြံပြု ထောက်ခံဆွေးနွေးခဲ့ကြပြီး အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရေး၊ တာဝန်အရေးသုံးပါးနှင့် တိုင်းရင်းသားများ၏ အရေးအရာကိစ္စများကို ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်ဖက်တပ်ဖွဲ့ဆိုင်ရာ ကိစ္စရပ်များကို အပြုသဘောဆောင်ပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၃ သို့** ❖

သတင်း - ညီမြတ်သော်တာ
ဓာတ်ပုံ - စိုးသူနှင့်

# အာရှ ယူ-၁၉ ပြိုင်ပွဲ ကာတာဗိုလ်စွဲ

**ရန်ကုန် အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အာရှ ယူ-၁၉ ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့ည ၇ နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ ကာတာအသင်းက မြောက်ကိုရီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ကာတာအသင်းမှာ လူစားဝင်သည့် တိုက်စစ်မှူး အာဖစ်က တစ်လုံးတည်းသောဂိုးဖြင့် ချန်ပီယံဆုကို ပထမဆုံးအကြိမ် ရယူနိုင်ခဲ့သည်။ မြောက်ကိုရီးယားအသင်းမှာ ခြေအသာရသော်လည်း အဆုံးသတ်အားနည်း၍ ရှုံးရခြင်းဖြစ်သည်။ ကာတာအသင်းအတွက် အနိုင်ဂိုးကို ၅၁ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် အာဖစ်က သွင်းယူခဲ့သည်။ **စာမျက်နှာ ၉ ကော်လံ ၃ သို့** ✱













နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊ ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၁၃၅၁၊
themirror.npt@gmail.com
www.facebook.com/themirrordaily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
ကြေးမုံ The Mirror Established in 1957
R/184 ဖြင့် ကြေးမုံသတင်းစာတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။

## ဧအောင်စကြာဓမ္မရိပ်သာ ၂၀၁၄ ခု၊ နိုဝင်ဘာလ(၉) ရက်မှ (၂၃)ရက်ထိ ၁၅. ရက် အထူး တရားစခန်းပွဲ

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာဓမ္မရိပ်သာ၌ (မဟာဓမ္မကထိကဗဟုဇနဟိတဓရ) အောင်စကြာဘဒ္ဒန္တစန္ဒသူရိယဆရာတော်သည် သမထ ဝိပဿနာအလုပ်ပေး တရားတော်များကိုဟောပြောပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုလျှင် ရိပ်သာမှစခန်းဝင်ပုံစံကို ကြိုတင်ယူ၍လေ့လာပါ။ စခန်းဝင်ပုံစံပါ စည်းကမ်းနဲ့အညီအားထုတ်နိုင်မည်ဆိုပါက စာရင်းပေးသွင်းပြီး နိုဝင်ဘာလ(၉) ရက်နေ့နံက်(၆. ၃၀) နာရီအရောက် ရိပ်သာသို့ဝင်ကြရပါမည်။ တစ်နာရီထိုင်တစ်နာရီနား နားတဲ့နာရီတိုင်း ယောဂီအားလုံးတရားစစ်မည်ဖြစ်ပါ၍ (ယောဂီဦးရေ (၂၀) သာလက်ခံပါသည်) နေ့ဆွမ်း အရုဏ်ဆွမ်း အချိုပွဲ ဖျော်ရည်များကို ဖုန်း ၀၁၂၂၄၆၈၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
### အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေ၊နိုင်ငံခြားငွေ(Euro)ဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် | ပိတ်ရက် |
|---|---|---|---|
| က | ၄၀၆/မမ/CME(Kyat) | နေပြည်တော်ဘူတာစက်ခေါင်းစက်ရုံအသစ်အတွက် 11/0.4 KV,750 KVA Transformer (၂) လုံး၊RC Post 10Meter အပါအဝင်လျှပ်စစ်ပစ္စည်း (၄၅) မျိုး | 7.11.14 |
| ခ | ၄၀၇/မမ/CME (Kyat) | နေပြည်တော်ဘူတာစက်ခေါင်းစက်ရုံဝန်ထမ်းအိမ်ရာအတွက် 11/0.4 KV,315 KVA Transformer (၁) လုံးအပါအဝင်လျှပ်စစ်ပစ္စည်း (၄၁) မျိုး | 7.11.14 |
| ဂ | ၄၀၈/မမ/CME/MIT(Kyat) | Oxygen Gas Without Cylinder (8400)Cylinder | 7.11.14 |
| ဃ | 12(T)44/MR/YUG(Kyat) | စက်ပစ္စည်း(၁၉) မျိုး | 7.11.14 |
| င | ၄၀၉/မမ/CE(Kyat) | အင်းစိန်ခုံးကျော်တံတားတွက် 57' 3" PC Girder ထုတ်လုပ်ရန် Steel Form (၂) စုံ အသစ် ပြုလုပ်ခြင်း | 21.11.14 |
| စ | 12(T)45/MR/ISN(Euro) | CAT 3516 B Engine (6) Sets | 21.11.14 |

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၃.၁၀.၂၀၁၄)နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352,291985, 291994

## တောင်ငူတက္ကသိုလ် နည်းပြ၊ သရုပ်ပြရာထူးအတွက် ရေးဖြေစာမေးပွဲကျင်းပမည့်အစီအစဉ်ကြေညာချက်

| နေ့ရက် | ဖြေဆိုမည့်ဘာသာ | အချိန် |
|---|---|---|
| ၈-၁၁-၂၀၁၄ရက် (စနေနေ့) | မြန်မာစာ | နံနက် ၈း၃၀ နာရီမှ ၁၀း၃၀ နာရီထိ |
| | အထွေထွေဗဟုသုတ | နံနက် ၁၁း၃၀ နာရီမှ မွန်းလွဲ ၁း၃၀ နာရီထိ |
| | အင်္ဂလိပ်စာ | မွန်းလွဲ ၂း၃၀ နာရီမှ ၄း၃၀ နာရီထိ |

သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများသည် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၄-၁၁-၂၀၁၄ရက်၊ ၅-၁၁-၂၀၁၄ရက်နှင့် ၇-၁၁-၂၀၁၄ရက်များ၌ တောင်ငူတက္ကသိုလ်၊ သင်တန်းရေးရာဌာနတွင် ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

**စုံစမ်းရန် ဖုန်းအမှတ်- ၀၅၄-၂၄၀၀၁/၂၄၀၀၂/၂၄၀၀၃**

**လက်ထောက်မော်ကွန်းထိန်း**
**တောင်ငူတက္ကသိုလ်**

## သွေးသည် အသက်

## အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန
### လူမှုဖူလုံရေးရုံးချုပ်
### ရုံးအမှတ်(၅၁)၊ နေပြည်တော်
### ဆေးပစ္စည်းကိရိယာ တင်ဒါအိတ်ဖွင့်ဈေးနှုန်းလွှာခေါ်ယူခြင်း
### (Open Tender)

၁။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ လက်အောက်ရှိ ဆေးရုံကြီးများတွင် အသုံးပြုရန်လိုအပ်သော ဆေးပစ္စည်းကိရိယာများကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံများကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးရုံးချုပ် ရုံးအမှတ်(၅၁)၊ နေပြည်တော်နှင့် လူမှုဖူလုံရေးအဖွဲ့ အလုံပင်မဆေးသိုလှောင်ရေးဌာန၊ ကမ်းနားလမ်းနှင့် အောင်ရတနာလမ်းထောင့်၊ သခင်မြပန်းခြံ (အလုံ) ရန်ကုန်မြို့တွင် ၂၃-၁၀-၂၀၁၄ ရက်မှ စတင်၍ ရုံးချိန်အတွင်း တင်ဒါပုံစံများကို ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက (၀၆၇-၄၃၀၃၈၃၊ ၀၆၇-၄၃၀၂၈၁) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဆေးဌာန**
**လူမှုဖူလုံရေးရုံးချုပ်၊ နေပြည်တော်**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
### အိတ်ဖွင့်လေလံကြော်ငြာ

၁။ ပင်လယ်ကူးသင်္ဘောကြီးများမှ ဆီဆိုး/ဆီဟောင်း(Sludge Oil) များအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်၍ အဆိုပြုတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်လေလံပြုလုပ်မည့်နေ့ရက် - ၄-၁၁-၂၀၁၄(အင်္ဂါနေ့)
အချိန် - (၁၃း၀၀)နာရီ

၃။ အိတ်ဖွင့်လေလံပုံစံနှင့်စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာန၊ သိမ်ဖြူသင်္ဘောကျင်း (စီမံရေးနှင့်လုပ်ငန်းဌာနခွဲ) ကမ်းနားလမ်း၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့တွင် ၂၇-၁၀-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး သိရှိလိုသောအချက်များရှိပါက ဖုန်း-၀၁-၈၆၁၀၂၂၅သို့ စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**

## စက်မှုဝန်ကြီးဌာန
### အထည်အလိပ်လုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ စက်ရုံများမှ ဓာတ်ဆေးဆိုးဆေးများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်။

(က) အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်) - ဓာတ်ဆေး၊ဆိုးဆေး ၁၂ မျိုး
(ခ) အမှတ်(၆)အထည်စက်ရုံခွဲ(မုံရွာ) - ဓာတ်ဆေး၊ ဆိုးဆေး ၂၇ မျိုး
(ဂ) အမှတ်(၈)အထည်စက်ရုံခွဲ(ရမည်းသင်း) - ဓာတ်ဆေး၊ဆိုးဆေး ၉ မျိုး
(ဃ) အမှတ်(၉)အထည်စက်ရုံခွဲ(အင်းစိန်) - ဓာတ်ဆေး၊ဆိုးဆေး ၃၈ မျိုး
(င) အမှတ်(၃)အထည်စက်ရုံ(စစ်ကိုင်း) - ဓာတ်ဆေး၊ဆိုးဆေး ၂၀ မျိုး

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၃-၁၁-၂၀၁၄
(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ
၁။ နေပြည်တော် - အထည်အလိပ်လုပ်ငန်း(စီမံရေးဌာန) ရုံးအမှတ်-၃၇
၂။ ရန်ကုန် - အထည်အလိပ်လုပ်ငန်း (ရုံးခွဲ)၊ အမှတ်(၁)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဖုန်း-၀၁-၅၅၄၁၇၇၊ ၀၁-၅၄၄၁၂၁
(ဂ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၈-၁၁-၂၀၁၄ရက် (၁၆း၀၀)နာရီ
(ဃ) တင်ဒါပေးသွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်-၃၇၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) ညွှန်ကြားရေးမှူး(စီမံရေး)၊ အထည်အလိပ်လုပ်ငန်း
နေပြည်တော် ဖုန်း - ၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၅၆၊
ရန်ကုန် ဖုန်း - ၀၁-၅၅၄၁၇၇၊ ၀၁-၅၄၄၁၂၁

### ဖခင်အမည်မှန်

ကလောမြို့နယ်၊ အထက(၆)၊ ဘော်ဆိုင်း၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်လှမင်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးစောဝင်း [၁၃/ကလန(နိုင်)၀၄၆၄၇၅]ဖြစ်ပါကြောင်း။ **ဦးစောဝင်း**

### ဖခင်အမည်မှန်

ကလောမြို့နယ်၊ အထက(၆)၊ ဘော်ဆိုင်း၊ တက္ကသိုလ်ဝင်တန်း(က)မှ မယဉ်ယဉ်မွန်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဇော်[၁၃/ကလန(နိုင်)၀၄၈၀၅၆]ဖြစ်ပါကြောင်း။ **ဦးမြင့်ဇော်**







### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)တောင်၊ မြေကွက်အမှတ်(၆၇၅/ခ)၊ မြေကွက်တည်နေရာအမှတ်(၆၇၅/ခ)၊ အောင်မေတ္တာလမ်း၊ (၄)တောင်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးကျော်ဆွေ) အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်ဆွေ(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ခင်ကျော့ကျော့ [၁၂/သကတ(နိုင်)၀၇၅၆၃၅] မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၈၁၆/က၊ခ)၊ မြေကွက်တည်နေရာအမှတ်(၈၁၆/က+ခ)၊ ရတနာပုံ(၁)လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးမောင်လှ)အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်လှ(ဖခင်)နှင့် ဒေါ်တင်နု(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်အေးအေးရီ [၁၂/သကတ(နိုင်)၀၂၃၃၄၁]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီ®)၊ မြေကွက်အမှတ်(၄/၁၁)၊ မြေကွက်တည်နေရာ အမှတ်(၁၇၂/ခ)၊ ကာယ(၇)လမ်း၊ ကာယရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ရှိ မြေကွက်အား ငယ်စာရင်းအမည်ပေါက် ဦးထွန်းသန်းထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ (၁) ဦးဝင်းမြင့် [၁၄/ပသန(နိုင်)၀၀၈၅၂၈]၊ (၂)ဒေါ်ဝေဝေအောင် [၁၄/ပသန(နိုင်)၀၀၈၅၂၇] တို့က ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ ဦးစီးဌာန အုပ်ချုပ်ရေးမှူး ထောက်ခံချက်တို့ကို တင်ပြ၍ နှစ် (၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၁၀၀၁/ခ)၊ မြေကွက်တည်နေရာ-အမှတ်(၁၀၀၁/ခ)၊ ရတနာပုံ(၁၁)လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးကျော်သောင်း) အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်သောင်း(ဖခင်)နှင့် ဒေါ်ညို(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်နွဲ့နွဲ့ရီ [၁၂/သကတ(နိုင်)၀၂၃၄၁၄]မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)အနောက်၊ မြေကွက်အမှတ်(၄၈၄/က)၊ မြေကွက်တည်နေရာအမှတ်(၄၈၄/က)၊ ဇမ္ဗူသီရိ(၂)လမ်း၊ (၆)အနောက်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးညွန့်ရွှေ) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးညွန့်ရွှေ(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ခင်သန်း (TKA-၁၁၀၆၅၇)မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/နော်)၊ မြေကွက်အမှတ်(၄၈/က)၊ မြေကွက်တည်နေရာအမှတ် (၄၈/က)၊ အနော်မာအနောက်(၁)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်တင်ရီ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးမှတ်အေးပါ-၂ က အရောင်းစာချုပ်ရန် တရားစွဲဆိုခဲ့ရာ သာကေတမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်(၇၀/၁၄)၊ ဇာရီမှုအမှတ် (၅၀/၁၄) အရ တရားရုံးကိုယ်စား (ဘီလစ်)ဒေါ်တင်မေလွင်[၁၂/ဗဟန(နိုင်)၀၂၀၈၆၇]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

